# ထင်းရှူးရိပ်မှ အို အမုန်း

ငွေတာရီ

ဆင်ဝင်အောက်သို့ အော်စတင်ကားနက်ကလေး ရောက်၍ စက်သံရပ်သွားသည်နှင့်တစ်ပြိုင်နက် အိမ်ပေါ်မှ ချိုအေးသောတေးသံနှင့် စန္ဒရားသံတစ်ခုသည် သူတို့ အား ဆီးကြိုလိုက်လေသည်။

*ပဒုံ့ရွှေကြာ– အင့်ဝေဆာ– ရဂုံတွေမှာ– ညိုးညိုး ညင်းညင်း...*

"ကိုင်း မောင်ကျော်ဦး ဆင်းလေ၊ ဘယ့်နှယ် သီချင်း သံကြားတာနဲ့ မေ့သွားပလား"

ကားမောင်းသူ နေရာတွင် ထိုင်နေသော အသက် သုံးဆယ်ခန့် လူရွယ်သည် ဘေးခုံတွင် ငိုင်နေသော အ သက်နှစ်ဆယ်မျှ ကျစ်လျစ်သော ကိုယ်လုံးနှင့် အသားဖြူ ဖြူလူငယ်အား ပြုံးရင်းသတိပေးလိုက်လေသည်။

"အစစ်ပဲ ကိုအောင်လင်းရေ၊ ကျွန်တော်ကတော့ ဒီ လိုချည်းပါပဲလေ" ကျော်ဆွေဦးသည် ရှက်ပြုံးပြုံး၍ တံခါး ကိုဖွင့်ဆင်းလိုက်သည်။

"ဒါကတော့ဝါသနာကိုးကွ။ ကိုယ်လည်း ရန်သူဆို တဲ့ အသံကြားရင် လက်ပြင်မိလာတာပဲ၊ ဟဲ...ဟဲ"

တံခါးကို ဂျိုင်းခနဲပြန်ပိတ်ပြီး အိမ်ပေါ်သို့မော့ကြည့် လိုက်သည်။ "သူတို့ကတော့ ကိုယ့်ကိုမြင်ရင် သိပ်အံ့သြ သွားမှာပဲ၊ ဝမ်းလည်း သိပ်သာမှာ"

ကိုအောင်လင်းသည် လှေကားပေါ်သို့ မတက်သေး ဘဲ ရပ်နေသော ကျော်ဆွေဦးကို ပြောလိုက်ပြီး ဘောင်းဘီ အိတ်ထဲသို့ လက်လျှိုကာ ရှေ့မှ အသာအယာ တက်သွား လေသည်။

"အို– ကိုကိုလင်း..."

ကိုအောင်လင်း တံခါးဝတွင် ပေါ်လာလျှင် ပေါ်လာ ချင်း ဧည့်ခန်းထောင့် စန္ဒရားအနီးတွင် တံခါးပေါက်သို့ မျက်နှာပြုကာ စည်းနှင့်ဂျပ်ကို တစ်ဖက်စီကိုင်လျက် သီချင်းဆိုသော အသားညိုညို ချစ်ရာမိန်းမပျိုကလေး သည် ဝမ်းသာအားရ လွှတ်ခနဲအော်လိုက်ပြီး ဖြုန်းခနဲထ ၍ ပြေးလာလေသည်။ ကိုအောင်လင်း၏ ရင်ခွင်ထဲသို့ပင် အတင်းတိုးဝင်တော့မည်ကဲ့သို့ တအားပြေးထွက်လာသော သူ့ခြေလှမ်းများသည် အနီးသို့ရောက်လုလုတွင် တန့်ခနဲ ဖြစ်သွားကာ ကိုအောင်လင်း၏နောက်မှ ရုတ်တရက်ထပ် ၍ပေါ်လာသော ကျော်ဆွေဦးကို ထူးဆန်းအံ့သြသလို အ တန်ကြာ စိုက်ကြည့်နေလေ၏။ ကျော်ဆွေဦး၏မျက်လုံး ကား သူမအား တစ်ချက်မျှသာ ပြန်ကြည့်လိုက်ပြီးနောက် စန္ဒရားခုံတွင်ထိုင်ကာ သူတို့ထံ လည်ပြန်ကြည့်နေသော မိန်းမပျိုထံသို့ ပျံ့ဝဲသွားလေသည်။ မိန်းမပျိုကား အသက် အစိတ်ကျော်ခန့်ဟု ခန့်မှန်းရပြီး တည်ကြည်သော မျက်နှာ မှာ ကျက်သရေရှိရှိလှပ၍ ကျော်ဆွေဦးသည် ချီးမွမ်းလို စိတ်ဖြင့် အတန်ငယ်ငေးစိုက်နေလိုက်မိသည်။

"အနိုင်...အနိုင် ကြီးလာလိုက်တာကွယ်။ နေ ကောင်းကြတယ်နော်"

ကိုအောင်လင်း၏ အားရပါးရ လှိုက်လှိုက်လှဲလှဲ ပြောလိုက်သော အသံကိုကြားမှ ကျော်ဆွေဦး သတိရကာ မိန်းမပျိုထံမှ မျက်နှာလွှဲလိုက်လေသည်။ မိန်းမပျိုလည်း ရုတ်တရက် စိုက်ကြည့်နေမိသော မိမိ၏အဖြစ်ကို သတိရ

လာဟန်ဖြင့် ဣန္ဒြေဆည်ကာ အတွင်းခန်းသို့ ဝင်သွားလေသည်။ အကယ်၍ ယောကျ်ားပျိုတစ်ယောက်ကို မိန်းမပျိုတစ်ယောက်က ဤမျှကြာအောင် ဤသို့စူးစူးစိုက်စိုက်ကြည့်မိသဖြင့် အပြစ်ဆိုမည်ဆိုပါက သူ့ကိုကား ခွင့်လွှတ်ရပေလိမ့်မည်။ အဘယ်ကြောင့်နည်းဟူမူ ကျော်ဆွေဦးမှာ အထူးပင် ပြောပလောက်အောင် ချောမောလှပရုံမျှမက သူ၏ ညို့ဓာတ်ပါသော မျက်လုံးများနှင့် ဆိုင်မိသူတိုင်းကို တော်တော်နှင့် မလွဲနိုင်အောင် ဆွဲဆောင်နိုင်စွမ်းသူတစ်ဦးဖြစ်သောကြောင့်တည်း။

"နေကောင်းပါတယ် ကိုကိုလင်းရယ်၊ အနိုင်တို့ဖြင့် ကိုကိုလင်းတစ်ယောက် မရှိတော့ဘူးဆိုလို့..."

အနိုင်သည် အသံကလေး တိုးတိုးနှင့် ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲနေသော မျက်နှာကလေးကို မော့ကာ ကိုအောင်လင်းအား ချစ်ခင်မြတ်နိုးလှသော အမူအရာနှင့် ပြောလေသည်။ ကိုအောင်လင်း နှစ်သိမ့်စွာ ပြုံးလိုက်၏။ ကျော်ဆွေဦးလည်း အနိုင်ဆိုသူကလေးကို ကြင်နာသလို ကြည့်လိုက်သည်။ 'ကလေးမကလေးက ချစ်စရာ' သူ့စိတ်ထဲတွင် ကြည်ကြည်လင်လင်ကြီး တွေးလိုက်လေသည်။ အမှန်ဆိုလျှင် သူ့မှာ အသက်နှစ်ဆယ်ခန့်မျှသာ ရှိသေး၍ အနိုင်အား ကလေးမကလေးဟု သုံးနိုင်စရာအကြောင်းမရှိပေ။ သို့သော် စာတွေ နင်းဖတ်၍ အတွေးအခေါ် အတော်ရင့်သန်ပြီး လူကြီးစိတ်ဝင်နေသော ကျော်ဆွေဦးမှာ ဆယ့်ရှစ်နှစ်အရွယ် နုနယ်ပျိုမျစ်သော အနိုင်ကလေးကို ကလေးမကလေးတစ်ယောက်ဟုသာ အသိအမှတ်ပြုလိုက်မိသည်။

"ဒေါ်လေးကော အနိုင်"

"မေမေ အိမ်ထဲမှာရှိတယ်လေ၊ ဟော လာပြီ"

ပြောရင်းဆိုရင်းပင် အိမ်ခန်းထဲမှ ထွက်လာသော မေမေ့ကို အနိုင်သည် ပြေး၍ဖက်ကာ-

"မေမေ ကိုကိုလင်းလေ မသေဘူး မေမေရဲ့၊ ပြန်လာပြီ" ဟု ဝမ်းသာအားရ သတင်းပေးလေသည်။

"ဒေါ်လေး..."

ကိုအောင်လင်းသည် ဘာမျှရုတ်တရက်မပြောနိုင်သေးဘဲ သူ့အား မျက်ရည်လျှမ်းသော ပြုံးလဲ့လဲ့သော မျက်လုံးများဖြင့် အငေးသား ကြည့်နေသော သူ့ဒေါ်လေးကို လှမ်းခေါ်ရင်း ပြုံးမဲ့မဲ့ ဖြစ်လာသည်။ ဒေါ်လေးကား နှုတ်ခမ်းကလေး တရွရွဖြင့် အတန်ကြာ ရှိနေရာမှ...

"မောင်...အောင်...လင်း... ရယ်" ဟု တစ်လုံးချင်းအားယူ၍ တုန်ယင်လှုပ်ရှားစွာ ထွက်လာသော စကားအဆုံးတွင် ကုလားထိုင်ပေါ်သို့ ထိုင်ချကာ အားရပါးရချုံးချ၍ ငိုရှာလေ၏။

"ကျွန်တော် ပြန်လာပြီဟာပဲ ဝမ်းသာမှပေါ့ ဒေါ်လေးရယ်၊ ဘယ့်နှယ် ငိုနေရတယ်လို့"

အနီးသို့ ပြေးသွားကာ သူ့ဒေါ်လေးကို နှစ်သိမ့်စေလေသည်။

"မဟုတ်ဘူးလား အနိုင်ရယ်...ဟင်" အနီးတွင် မျက်ရည်များကို လက်ဖမိုးကလေးဖြင့် သုတ်နေသော အနိုင်သို့ လှမ်းမေးလိုက်ပြီး ပခုံးကလေးကို ယုယစွာ ဖက်ထားလိုက်လေသည်။ ကျော်ဆွေဦးကား သူတို့တစ်စုကို ရင်ထဲတွင် ဖိုတိုတိုနှင့် ငေးကြည့်နေမိသည်။

"လာလေ မောင်ကျော်ဦး ထိုင်ဦး"

"အို ဟုတ်ပါရဲ့၊ ဧည့်သည်ပါလာသေးတာ၊ အားနာစရာကွယ်၊ လာ... လာမောင် ထိုင်ဦး"

ဒေါ်လေးသည် မျက်ရည်များကို ကမန်းကတန်းသုတ်ပြီး ကျော်ဆွေဦးကို အားနာဟန်ဖြင့် ပျာပျာသလဲ နှုတ်ဆက်လိုက်လေသည်။

"ဒေါ်ဒေါ်တို့စိတ်ထဲမှာ ဝမ်းသာလွန်းလို့ ဘာမှသတိမရနိုင်အောင် ဖြစ်သွားတယ်။ ဘယ်လိုမှ မအောက်မေ့နဲ့နော်"

"အို... ကိစ္စမရှိပါဘူးခင်ဗျာ။ ကျွန်တော်တောင် တစ်မျိုးကြီးဖြစ်သွားတာပဲ" ကျော်ဆွေဦးသည် ကြင်နာသော အမူအရာဖြင့် အနိုင့်အမေအား ပြုံးကြည့်ရင်း ပြောလေသည်။ အနိုင်ကား ပြုံးလိုက်မှ ပိုမိုနှစ်သက်စရာ ကောင်းလာသော ကျော်ဆွေဦးကို ငေးကြည့်နေသည်။

"ကွယ်... ဒေါ်ဒေါ်တို့မှာ အရေးဆို အားကိုးစရာ ယောကျ်ားရယ်လို့ မားမားမတ်မတ် ရပ်မယ့်သူ မောင်အောင်လင်းတစ်ယောက်ရှိတာ၊ သူကွယ်သွားပြီကြားတော့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ တစ်ခါတည်း အားငယ်ပြီး ကိုးကွယ်စရာမရှိတော့သလိုပါပဲ။ ခုလို မမျှော်လင့်ဘဲ ပြန်လာတယ်ဆိုတော့ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မောင်ပဲ တွေးကြည့်ပါတော့ကွယ်..."

ကျော်ဆွေဦးသည် ခေါင်းကို ညင်သာစွာ ညိတ်ရင်း စူးစိုက်နားထောင်နေသည်။

"ကျွန်တော်လည်း နို့မို့ ပစ်မသွားပါဘူး ဒေါ်လေး ရယ်၊ ကျွန်တော်တို့လို ခြေလက်အင်္ဂါပြည့်ပြည့်စုံစုံနဲ့ ကျန်း ကျန်းမာမာ သန်သန်စွမ်းစွမ်း လူရွယ်တစ်ယောက်၊ စစ် ပညာတတ်ပြီးသား လူရွယ်တစ်ယောက်ဟာ ကိုယ့်တိုင်း ပြည်ကို မတရားညှဉ်းပန်းနှိပ်စက်နေတဲ့ ရန်သူကို တော် လှန်တဲ့အရေးမှာ မိဘဆွေမျိုးအတွက်ငဲ့ပြီး ချောင်ခိုနေလို့ မသင့်ဘူးလို့ တစ်ထစ်ချယူဆမိလို့ပါ။ ဪ ဒါနဲ့ ဒေါ် လေး ဟောဒါက ကျွန်တော် တော်လှန်ရေးမှာ ဒဏ်ရာနဲ့ ကျန်နေတုန်းက ပြုစုစောင့်ရှောက်တဲ့ လူငယ်အသင်း၊ ဉာဏဗလမှူး မောင်ကျော်ဆွေဦး...ဟသ်ာတမှာဆို စက် ပိုင်မြေပိုင်သူဌေးကလေးပေါ့ ဒေါ်လေး..."

နောက် သူ့ဂုဏ်ပုဒ်တွေကို ချီးကျူးနေ၍ ရှက်ယောင် သမ်းနေသော ကျော်ဆွေဦးသို့လှည့်၍–

"ဒါက ကိုယ့်ဒေါ်လေး ဒေါ်ထားတင်၊ ဒီကတော့ သမီး တင်တင်နိုင်"

ကျော်ဆွေဦးသည် နှစ်ယောက်စလုံးကို ကြည်လင် စွာ ပြုံးပြသည်။ အနိုင်သည် ကျော်ဆွေဦးအား မျက်နှာက လေး ပန်းနုရောင်နှင့် မပွင့်တပွင့် ပြုံးပြလိုက်လေသည်။

"ဪ သမီး မူမူကို ခေါ်ပါဦးကွယ်။ မေ့နေလိုက် တာ၊ မိတ်ဆွေဖွဲ့ပေးရအောင်"

အနိုင်သည် ကျော်ဆွေဦးအား တစ်ချက်ကြည့်ပြီး ဖျတ်လတ်စွာ ထသွားလေသည်။

"မူမူဆိုတာ ဘယ်သူလဲ ဒေါ်လေး"

ကိုအောင်လင်းသည် သူတစ်ခါက ကြားဖူးသလိုလို ရှိသော နာမည်ဖြစ်၍ မေးလိုက်မိသည်။

"မူမူဆိုတာ ဒေါ်လေးအစ်မ ဒေါ်ထားခင်က မွေးတဲ့ သမီး၊ ဒေါ်လေးတူမအရင်းပေါ့ကွဲ့။ သိပ်ပြီး စန္ဒရားတီး တို့၊ သီချင်းဆိုတို့ ကောင်းတယ် ဆိုတာလေ၊ ဒေါ်လေး ပြောဖူးတယ်မဟုတ်လား"

"ဪ... သူလား" ကိုအောင်လင်းသည် ဒေါ်လေး က ပြန်ပြောမှ ဘယ်တုန်းကမှန်းမသိသော တစ်ခါက ကြားဖူးသလိုလိုရှိသည့် အကြောင်းကို သတိရပြီး ရောနှော ချလိုက်လေသည်။

"အေးကွဲ့၊ မောင်အောင်လင်းမရှိတော့ ဒေါ်ဒေါ်တို့ လည်း သူ့ပဲခေါ်ထားရတော့တာပဲ။ သူက အသက်က လည်းမငယ်တော့ အနိုင့်အတွက်လည်း စိတ်ချရတာပေါ့"

ဒေါ်ထားတင်နှင့် ကိုအောင်လင်းတို့ စကားကောင်း နေကြစဉ် ကျော်ဆွေဦးကား မူမူထွက်လာမည့် တံခါးဝသို့ သာ မျှော်ငေး၍နေလေသည်။ အဘယ်ကြောင့်ဟူ၍မသိ။ သူ မူမူ့ကို မြင်စကပင် စိတ်ထဲ၌ နှစ်နှစ်သက်သက်ကြီး စွဲလမ်း၍ အမြဲကြည့်ချင်နေလေသည်။ ဟော ထွက်လာပါပြီ သူတောင့်တမျှော်လင့်နေသော မူမူကား သူရှိရာသို့ ထွက် လာပါပြီ။ ညင်သာသော ခြေလှမ်းများဖြင့် မူမူ သူတို့အနီး သို့ ရောက်လာသည်။ အနိုင်လည်း မူမူ၏ လက်ကိုဆွဲ ကာ ပြုံးပြုံးကလေး ပါလာသည်။

"ထိုင်ပါဦး မူမူ" ဒေါ်ထားတင်သည် ကုလားထိုင် ကို မေးငေါ့ပြသည်။

"ဟောဒါ ကိုအောင်နိုင်ရဲ့တူ မောင်အောင်လင်းလေ မူ။ ဒါကတော့ မောင်အောင်လည်း ဒဏ်ရာနဲ့ ကျန်နေတုန်း က ပြုစုစောင့်ရှောက်ခဲ့တဲ့ မောင်ကျော်ဆွေဦးကွဲ့။ ရန်ကုန် ကို အလည်လိုက်လာတယ်လေ၊ ဟသ်ာတမှာဆို လူတိုင်း သိတဲ့ မြေပိုင်ရှင် စက်သူဌေးကလေးပေါ့"

မူမူသည် သူတို့နှစ်ယောက်စလုံးကို သိမ်မွေ့စွာ ပြုံး ပြလိုက်သည်။ ကိုအောင်လင်းကလင်း ပြုံးကြည့်သည်။ ကျော်ဆွေဦးကား နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြန်ပြုံးရာက သူ့ ရင်ထဲတွင် ဖြစ်ပေါ်လာသော စေတနာကိုပါ မမျိုသိပ်နိုင်ဘဲ ထုတ်ဖော်လိုက်လေသည်။

"ခုလိုသိရတာ သိပ်ဝမ်းသာတာပါပဲခင်ဗျာ"

* * *

*လရောင်ဝင်းဝါ၊ တစ်ညခါဝယ်*
*မောင့်မှာသော်ကော၊ ဖော်တယောနှင့်*
*ချိုသောအသံ၊ ဝန်းကျင်လျှံမျှ*
*သက်နှံပျိုနု၊ လှရည်စုမူ*
*ချစ်သူထံပါး၊ စန္ဒရားနှင့်။*

ကျော်ဆွေဦးသည် သူတစ်ခါက စိတ်ကူးယဉ် အချစ် ကို ကလောင်ဖြင့် တင်စားခဲ့သည့် ကဗျာတစ်ပုဒ်ကို ပြေး ၍ သတိရကာ တယောထိုးနေရင်းက အနီးတွင် စန္ဒရား တီး၍ သီချင်းဆိုနေသော အနိုင်အား ကြည့်ပြီးပြုံးလိုက်မိ သည်။

လရောင်သည် ညိုမှောင်သော ကောင်းကင်ကို အ လင်းဓာတ်ပေးလျက် ရှိသည်။ အိမ်ဝရန်တာအုတ်စွန်းတွင်

တင်ထားသော ပန်းအိုးထဲမှ ကြည်ပြာပွင့်များသည် လရောင်ဝယ် ဖြူတူတူဖြစ်နေသည်။ အရွက်များမှာ ပြောင်လက်သောအစိမ်း၊ ဖိုးရွှေလသည် ထင်းရှူးရွက်သေးသေး စိပ်စိပ်မွမွကလေးတွေကြားမှ သူတို့ကို ချောင်းကြည့်နေသည်။ ဂီတသံသည် ကြည်ပြာပွင့်အရွက်စိမ်း၊ ထင်းရှူးရွက်မြွှာများ အကြားဝယ် ကွေ့ကောက်ကာ လှုပ်ရှားလျက် ရှိသည်။

*ပန်းမျိုးငယ်– ညိုစင်...မင်းလွင်ငယ် တိမ်ခိုး... မြောက်လေပြန်စ,ပျိုး...*

အနိုင်၏အသံမှာ ကြည်၍အေးသည်။ ဆိုပုံမှာ ပျော့ပျောင်းညင်သာသည်။ ကျော်ဆွေဦးသည် အနိုင်အား ချီးမွမ်းသော မျက်လုံးများဖြင့် ကြည့်ရာက သူ့အတွေးနှင့်သူ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်လေသည်။ သက်နှံပျိုနု၊ လှရည်စုမူ၊ ချစ်သူထံပါး၊ စန္ဒရားနှင့်။

သို့သော် သူ့စိတ်ကူးထဲမှ ချစ်သူကား အနိုင်မဟုတ်၊ သူတစ်ချက်တစ်ချက် ငဲ့စောင်းကာ ခိုးခိုးကြည့်မိသော မနီးမဝေးမှ သတင်းစာဖတ်နေသည့် မူမူသာလျှင် ဖြစ်တော့သည်။

*ဝတ်မှုန်ငယ်ကြွေနိုး– ပန်းမျိုးငယ်စုံစွာ... မြိုင်ကြီးတောဟေမာ...*

မူမူမှာ သတင်းစာကိုသာ ကြည့်နေရသည်။ စိတ်မှာကား ဂနာမငြိမ်၊ တစ်ချီတစ်ချီ ကျော်ဆွေဦးကို လှမ်းအကြည့်တွင် သူ့အား ခိုးကြည့်လိုက်သော တောက်ပသည့် မျက်လုံးများနှင့် သွားဆုံနေသဖြင့် မူမူ သတင်းစာနှင့် ကမန်းကတန်း ကွယ်လိုက်ရသည်။ သို့သော် သူ့မှာ တုန်၍နေသဖြင့် သတင်းစာကလေးမှာ တဆတ်ဆတ်တုန်နေသည်။

*သင်းပျံ့ကြိုင်စွာ–ခွာပြာတစ်သွယ်–ဆန်းလို့လေ...*

မူမူသည် သူ့စိတ်သူ ချုပ်တည်း၍မရသဖြင့် သတင်းစာကိုချကာ နေရာမှ ထလိုက်လေသည်။

*နှင်းနံ့ခိုင်ညှာ–မာလာစံပယ်–ပန်းစုံကမွေး...*

ခပ်သုတ်သုတ် လျှောက်သွားကာ တံခါးပေါက်မှ အပြင်သို့ ထွက်လိုက်သည်။ သူဆွဲဖယ်ပစ်ခဲ့သဖြင့် ခန်းဆီးအနီကလေးမှာ တလှုပ်လှုပ် ကျန်ရစ်ခဲ့သည်။ ကျော်ဆွေဦးသည် သူ့ကိုကြည့်ကာ ပင့်သက်ရှူလိုက်လေသည်။

*စိန်တချူ–လေယူရာ–ညာသွဲ့ငယ်–သွင်း လာတဲ့ရေး...*

"မမောဘူးလားအနိုင်၊ အဆိုနဲ့တီးရတာ မသက်သာလှဘူး၊ ရေသွားသောက်ချည်ဦးလေ"

တယောကလေးကို စန္ဒရားပေါ်တင်ကာ အညောင်းဆန့်ရင်း ပြောလိုက်သော ကျော်ဆွေဦးကို အနိုင်သည် နှစ်သက်စွာ ပြုံးကြည့်ပြီး ထသွားလေသည်။

"ဩော်... မမမူက ဒီမှာကိုး"

မူမူသည် ခန်းဆီးကို လက်တစ်ဖက်ဖြင့်မကာ မိမိထံသို့လာရန် ဟန်ပြင်နေသော ကျော်ဆွေဦးကို လှည့်ကြည့်လိုက်သည်။ ခန်းဆီးအနီနှင့် စပို့ရှပ်ငါးရှဉ့်သွေးမှာ ရောနေကာ ဖြူဖွေးကျစ်လျစ်သန်မာဟန်ရှိသော လက်မောင်းများမှာ ခန်းဆီးအနီးဝယ် ထင်ရှားနေကြသည်။

"ကျွန်တော်တို့ တီးကြဆိုကြတာတွေ ကောင်းလွန်းလို့ နားငြီးတာနဲ့ ဒီရှောင်ထွက်လာတာလား"

"မဟုတ်ပါဘူး၊ အထဲက အိုက်လို့ပါ"

တိုတောင်းစွာပင် ဖြေလိုက်ပြီး အပြင်သို့သာ ငေးကြည့်နေသည်။ ဤသို့ချည်းပင် ဖြစ်ပါသည်။ သူသည် ကျော်ဆွေဦးအား မည်သည့်အခါကမှ အရောမဝင်ခဲ့ချေ။ နဂိုကပင် တည်တည်မှန်မှန် နေတတ်သည်ဟုအကြောင်းပြသော်လည်း မိမိကိုကား အများထက်ပို၍ အထူးသဖြင့် တင်းမာစွာ ဆက်ဆံသည်ဟု ကျော်ဆွေဦး တစ်ထစ်ချယူဆမိသည်။ သို့သော် သူကား မမမူနှင့် ရင်းနှီးလိုလှသည်။

"ဩော်... ကျွန်တော်က နားငြီးလို့များလားလို့၊ ဒါထက် မမမူလည်း ဂီတဘက် သိပ်ဝါသနာပါတယ်ဆို"

မူမူသည် မိမိအနီးသို့ရောက်လာ၍ ဝရန်တာတွင်မှီလိုက်သော ကျော်ဆွေဦးကို လှည့်ကာခေတ္တမျှ စိုက်ကြည့်လိုက်မိသည်။ လရောင်အောက်ဝယ် ကျော်ဆွေဦး၏ မျက်နှာမှာဝင်းလျက် မျက်လုံးများသည် အရောင်တလက်လက် တောက်ပနေသည်။ နက်မှောင်၍နဖူးပေါ်သို့ တွန့်ရှုန့် ဝဲဖြာကျနေသော ဆံပင်စကလေးများမှာ နုပျိုသော မျက်နှာပေါ်ဝယ် ယိုးဒယားပန်းနွယ်ကလေးများလို အတွန့်အယှက်ကလေးတွေဖြစ်၍ နေသည်။ မူမူပင့်သက်ရှူလိုက်မိသည်။

"ဟိုတုန်းကတော့ ဝါသနာပါပါတယ်။ ခုတော့... အေးလေ မမမူတို့အဖို့ ဒါတွေကို လိုက်စားပြီး အချိန်ကုန်

နေရမယ့်အရွယ်လည်း မဟုတ်တော့ပါဘူး။ လိုက်စားတုန်းကလည်း ကျကျနန လိုက်စားခဲ့ပြီး ခုတော့ ဒါတွေကို နည်းနည်းမှ စိတ်မရှိတော့ပါဘူး၊ အနိုင်ပူဆာလို့သာ သင်ပေးနေရတာ။ မမမူဘာသာဖြင့် အဝေးကြီး"

မူမူသည် သူပြောချင်သော စကားများပေမို့လားမသိ ဝါကျအတော်ရှည်ရှည်သုံးမိသည်။

"ကျွတ်...ကျွတ်...ကျွတ်...ကျွတ်" ကျော်ဆွေဦးက ယူကျုံးမရသလို စုတ်သပ်လိုက်ပြီး "ဖြစ်ရလေတယ်ဗျာ၊ ဒါလောက်ကျကျနန ယူခဲ့တဲ့ပညာကို တစ်ခါတည်း ဖျောက်ပစ်တော့မယ်လို့" သူသည် ခေါင်းကို အမှတ်မဲ့ယမ်းလိုက်သည်။ ဝရန်တာအနီးရှိ ချုံတစ်ချုံမှ ပွင့်ချပ်ကားကားနှင့် ဆလပ်ပွင့်ဖွေးဖွေး တစ်ပွင့်သည် လမင်းကို ငေးမျှော်နေသည်။

"မမမူအရွယ်ဟာကော ဘယ်လောက်များ ကြီးသေးလို့လဲ"သူသည် ဆလပ်ပွင့်ကို စိုက်ကြည့်နေပြန်သည်။ မူမူကား အဖြေမပေး။ သူ့ကိုလည်း မကြည့်၊ လမင်းနှင့်သာ အလှချင်းပြိုင်နေသည်။ "ဟောဒီ အစွမ်းကုန်ပွင့်နေတဲ့ ပန်းကလေးလိုပဲ မမမူရဲ့ အရွယ်ဟာ အစွမ်းကုန်လှနေတဲ့အရွယ်မို့ ငွေလရောင်တို့၊ ကြယ်ငွေပွင့်တို့၊ ဂီတလှိုင်းတို့နဲ့ ကြည်နူးနေရမယ့်အချိန်ပါဗျာ၊ ခုတော့..."

စာသမားပီပီ ကဗျာဆန်၍အဆုံးမီ မမမူက ဖြတ်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဟောဒီအစွမ်းကုန်ပွင့်နေတဲ့ ပန်းကလေးလိုမို့ အစွမ်းကုန် ပွင့်ပြီးတဲ့နောက်မှာ ကြွေဖို့ပဲကျန်လေတော့ မောင်ကျော်ဦးပြောတဲ့ အပေါ်ယံအလှအပတွေနဲ့ အချိန်ကုန်မခံနိုင်တော့ပါဘူး"

စကားဆုံးလျှင်ဆုံးချင်း အခန်းတွင်းသို့ ပြန်ဝင်သွားသောမူမူကို ကျော်ဆွေဦး အကြောင်သား ငေးရင်းကျန်ရစ်ခဲ့သည်။

"မမမူနှယ်ဗျာ အတွေးခေါင်ရန်ကော..."

* * *

"ကိုကျော်ဦးလည်း ကုသိုလ်ရအောင် ကူခူးပေးမယ်လေ"

ဖြူဖွေးညီညာသော သွားများပေါ်အောင် ရယ်နေသည့် ကျော်ဆွေဦးကို ပန်းငုံ့ခူးနေသောအနိုင်သည် မော့ကြည့်ပြီး ဝမ်းသာအားရ ခေါင်းညိတ်၍ ပြလိုက်လေသည်။ အနိုင်၏စိတ်ထဲတွင် အတော်ပင် ကြည်နူးနှစ်သိမ့်၍ သွားမိသည်။ ညနေခင်း နေကလေးက မဝင့်တဝင့်၊ လေအေးကလေးက တသွင်သွင်၊ ဆလပ်ပွင့်၊ စွယ်တော်ပွင့်တွေက ဖြူဖြူစင်စင်နှင့် ဤ သာတောင့်သာယာ ညနေခါဝယ် အထူးပင် နှစ်လိုဖွယ်ရာ ချောမောလှပသည့် ကျော်ဆွေဦးနှင့် ပျော်ပျော်ပါးပါး အတူတကွ ပန်းခူးရသည်ကို နုနယ်သေးသည့် အသည်းနှလုံးပိုင်ရှင် အနိုင်ကလေးသည် အသို့လျှင် မကြည်နူးဘဲ ရှိနိုင်ပါအံ့နည်း။

"အနိုင်က ခုဘဝတောင် ဒီလောက်လှတာ နောက်ဘဝကျ ဒီ့ထက်လှမယ်ဟော့"

ကျော်ဆွေဦးက လက်ထဲမှ ဆလပ်ပွင့်များကို ခြင်းတောင်းကလေးထဲသို့ ထည့်ရင်း ပြောသည်။ အနိုင် သဘောကျစွာ ရယ်လိုက်မိသည်။ သူတို့သည် ပျော်နေကြသည်။

သို့သော် အိမ်ပေါ်ထပ် ပြတင်းတစ်ခုမှ သူတို့ကို လှမ်းမျှော်ကြည့်နေသော ကိုအောင်လင်းကား သူတို့လို မရွှင်၊ စိတ်ထဲ၌ ငြိုငြိုငြင်ငြင်ဖြစ်၍ နေမိသည်။ သို့ဖြစ်စေကာ နုနယ်၍လှပသော သူတို့နှစ်ဦးကို ကြည့်ရသည်မှာ အတော်ပင် နှစ်သက်ဖွယ်ရာရှိလှသည်ကိုမူ သူမငြင်းနိုင်ပါ။ ခြေသံတစ်ခုကြောင့် လှည့်ကြည့်လိုက်ရာတွင် ဒေါ်လေးကို တွေ့ရသည်။ ဒေါ်လေးကား အနိုင်တို့ကို လှမ်းမြင်ပြီးဖြစ်၍ သူ့တူကို ကြင်နာသလို ကြည့်နေလေသည်။

"အနိုင်က ငယ်သေးတော့ ချောချောလှလှမြင်ရင် ခင်မင်တာပဲကွယ်။ ဒါပေမဲ့ မောင်အောင်လင်းကိုတော့ အတော်ကြီး ချစ်ရှာပါတယ်"

ကိုအောင်လင်းကား ဘာမျှပြန်မပြောချေ။

"အေးလေ- သူ့အသက်ကလေး ရင့်လာတော့လည်း နားလည်လာမှာပေါ့။ သူ့တစ်သက်တာအတွက် ဘယ်လူ မျိုးက ပိုပြီးသင့်လျော်တယ်ဆိုတာ..."

စင်စစ် ကိုအောင်လင်းမှာ အလွန်အကျည်းတန် အရုပ်ဆိုးနေသူမဟုတ်ပါ။ အသားညိုညို၊ စိုစိုပြည်ပြည်၊ ထွားထွားကျိုင်းကျိုင်းနှင့် တည်ကြည်သော မျက်နှာမှာ လေးစားစရာအသွင်ကို ဆောင်လျက်ရှိနေသည်။ သို့သော် ဘဝဆုတောင်းက အကျိုးပေးကောင်းလှသော ကျော်ဆွေဦးနှင့် ယှဉ်ထားလိုက်သောအခါ၌ကား အတော်ကလေး

ကွာခြားသကဲ့သို့ ဖြစ်နေသည်။

"ကျွန်တော် သိပါတယ်ဒေါ်လေးရယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အနိုင် စိတ်ချမ်းသာဖို့ကိုပဲ အရေးတကြီး လိုလားတာပါပဲ"

သူ့စကားနှင့်အမော့လိုက်တွင် ရှိဝေသော မျက်လုံးများကို မြင်ရသော ဒေါ်လေးသည် တစ်စုံတစ်ခုပြောမည်ဟု နှုတ်ခမ်းပြင်ရာမှ မပြောတော့ဘဲ ပင့်သက်ကိုသာ ရှူလိုက်လေသည်။

"အနိုင်" ကျော်ဆွေဦး၏ လေးနက်သောအသံကြောင့် အနိုင်တွင် တစ်မျိုးဖြစ်သွားကာ မသိမသာ မော်ကြည့်လိုက်မိသည်။ ကျော်ဆွေဦးမှာ တစ်စုံတစ်ခုကို နက်နက်နဲနဲ တွေးနေသလို နဖူးရေကလေး မသိမသာ တွန့်လျက်ရှိသည်။

"ဘာလဲဟင် ... ကိုကျော်ဦး" အနိုင် မရဲတရဲမေးရင်းက ကိုကျော်ဦးကို ကြောက်သလိုလို ရင်ဖိုလာသည်။ ကျော်ဆွေဦးသည် သူ့ကို စိုက်ကြည့်နေပြန်သည်။

"မမမူဟာ အစက ဂီတဘက်ကို သိပ်စိတ်ပါတာပဲဆို"

အနိုင် မောမောပန်းပန်းနှင့် သက်ပြင်းကို ဟင်းခနဲ ချလိုက်လေသည်။

"ဟုတ်တယ် ကိုကျော်ဦး၊ တော်တော်လည်း တော်တယ်လို့ မေမေတို့ ပြောကြတယ်" စိတ်မပါ လက်မပါ ဖြေလိုက်ပြီး ပန်းပွင့်တစ်ပွင့်ကို လှမ်းခူးလိုက်သည်။

"ခုတော့ ဘာဖြစ်လို့ ဒါလောက် ပစ်ပစ်ခါခါ လုပ်လိုက်တာလဲဟင်"

"အနိုင်မသိတော့လား ကိုကျော်ဦး..."

"နောက်ပြီးတော့ အသက်အရွယ်နဲ့မလိုက်အောင် ဘာလို့များ ဒါလောက် လူကြီးစိတ်ဝင်နေရတယ် မပြောတတ်ပါဘူး ဟင်... အနိုင်"

"အနိုင်မသိဘူး ကိုကျော်ဦး၊ အနိုင်သိတာ မမမူဟာ သဘောကောင်းတယ်၊ လိမ္မာတယ်၊ သီချင်းဆိုတတ်တယ်၊ စန္ဒရားအတီး ကျင်လည်တယ်၊ ဒါပဲ"

အနိုင်သည် စိတ်မရှည်သလို ခပ်ဆတ်ဆတ်ကလေး ပြောမိသည်။ ကျော်ဆွေဦးကို နည်းနည်းဒေါသထွက်သလို ရှိလာသည်။

"ကိုကျော်ဦးကိုလည်း သိပ်အရောမဝင်ဘူး၊ ကိုကျော်ဦးတို့ တီးကြဆိုကြရင်လည်း တခြားထွက်ထွက်သွားတယ်။ အို မမမူဟာ တော်တော်တွေးရခက်တဲ့ မိန်းမ တစ်ယောက်ပါပဲ"

"ကိုကျော်ဦး ဘာဖြစ်လို့ မမမူကို ဒါလောက် စိတ်ဝင်စားနေရတာလဲဟင်..."

သင့်မသင့်၊ ရာမရာ မစဉ်းစားဘဲ မေးချင်ရာကိုသာ ကောက်ကာငင်ကာ မေးလိုက်သော အနိုင့်မေးခွန်းကြောင့် ကျော်ဆွေဦး မျက်နှာများ နီသွားသည်။

"ကွယ်... အနိုင်ကလည်း ကိုယ်နေတဲ့အိမ်ကလူတွေ အကြောင်းဆိုတော့ သိချင်တာပေါ့လို့" ပြောပြောဆိုဆို လှည့်ထွက်သွားသော ကျော်ဆွေဦးကို ကြည့်ရင်း အနိုင် မဲ့ပြုံးကလေး ပြုံးလိုက်သည်။

"အင်း... အိမ်ကလူတွေအကြောင်းသိချင်တာက လည်း တစ်ယောက်တည်းမှ ကွက်ပြီးတော့..."

* * *

"မအိပ်သေးဘူးလား အနိုင်"

မူမူသည် စားပွဲတင်မီးအိမ်အလင်းရောင်ဖြင့် တကုန်းကုန်းရေးခြစ်နေသော တင်တင်နိုင်ကို အခန်းတံခါးဖွင့်၍ ဝင်လိုက်လျှင် ဝင်လိုက်ချင်း မေးမိသည်။

"ဟော မမမူ အိပ်တော့မလို့လား၊ အနိုင် ကဗျာလေးတွေ ကူးနေတယ်လေ"

"ဘာကဗျာတွေများလဲကွယ်"

လက်ထဲတွင်ပါလာသော မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်ပြီး ခုတင်စွန်းတွင် ဝင်ထိုင်သည်။

"ကိုကျော်ဦး ရေးတာတွေလေ၊ သိပ်ကောင်းတာပဲ မမမူရဲ့၊ လာဖတ်ကြည့်စမ်းပါလား"

အနိုင်က သူ့ရှေ့ရှိဖိုင်တွဲကို အနည်းငယ် ထိုးပေးရင်း ဖိတ်ခေါ်လေသည်။ သို့သော် မူမူကား ခေါင်းကိုသာ ဖြည်းညင်းစွာ ယမ်းပြပြီး အသာအယာ လှဲချလိုက်သည်။

"အို... မမမူက မဖတ်ဘူးသေးလို့၊ ကိုကျော်ဦးက သူ့ကဗျာတွေကို အပြင်မဂ္ဂဇင်းတွေဘာတွေမှာ မထည့်ပေမယ့် တော်တော့်ကို ကောင်းတာမမမူရဲ့။ နားထောင် အနိုင်ဖတ်ပြမယ်..."

*လွမ်းငွေ့ဝေသည်*
*ဖြေဖွယ်မရ၊ ရုပ်ပုံလှကို*
*နမအသွင် မမြင်၍။ ။*

အနိုင်သည် ကလောင်တံများကိုချကာ ဖိုင်တွဲကိုမ၍ ပြတ်သားစွာ ဖတ်ပြသည်။

"သူ့ကဗျာတွေက ဆိုကြည့်ရင်လည်းပြေပြစ်တယ်" သူ့ထင်မြင်ချက်ကို ပေးလိုက်ပြီး ဆက်ဖတ်သည်။

*တမ်းလေ့ တွေသည်*

*ဖြေဖွယ်မလောင်း၊ စာတစ်ကြောင်းကို*

*နွဲ့နှောင်းပေတွင် မတင်၍။ ။*

မှန်ပါသည်။ သူ့ကဗျာများမှာ များသောအားဖြင့် ဆောင်းဦးပေါက် နံနက်စောစော လယ်ကွင်းနှစ်ခုကြားဝယ် ပြန့်ပြန့်ပြူးပြူးနေသည့် သဲလမ်းကလေးကဲ့သို့ပင် ချိုင့်ဝှမ်း ခလုတ်ကန်သင်းမရှိ၊ ဖုန်မထ၊ ဗွက်မပေါက် သိပ်သိပ် သည်းသည်းနှင့် လှပသည်။

*နှမ်းမြည့်ခွေသည်*

*ဖြေဖွယ်မရှိ၊ မောင်မချိပြီ*

*အမိငြိုငြင် မကြင်၍။ ။*

"ကဲ... ဘယ်လောက်ကောင်းသလဲ၊ နောက်တစ်ခု ဖတ်ပြဦးမယ်"

အနိုင်က အာသာမပြေသေးသောအသံဖြင့် ပြောကာ နောက်တစ်ပုဒ် ဆက်ဖတ်ရန် အားယူလိုက်သည်။ သို့သော် မူမူကား တစ်ဖက်သို့ စောင်း၍အိပ်လိုက်ပါတော့သည်။ အနိုင်သည် သူ့ကို တစ်ချက်ကြည့်ပြီး ဖိုင်တွဲကိုပိတ် မီးကိုမှိတ်လိုက်သည်။

"မမမူ သူ့ကဗျာတွေကို မကြိုက်ဘူးလားဟင်"

မူသည် သူ့ကို စိုက်ကြည့်နေသည်။

"ကောင်းမှာပါပဲ။ သူ့စာတွေ ညံ့တယ်လို့ မမမူ မဆို လိုပါဘူး။ ဒါပေမဲ့ မမမူ မဖတ်ချင်ပါဘူး။ ဟုတ်တယ်၊ ကိုယ်တိုင်လည်း မဖတ်ချင်ဘူး၊ သူများဖတ်ပြတာလည်း နားမထောင်ချင်ဘူး"

အပြင်ဘက်မှ လရောင်သည် မှန်ပြတင်းမှ ခုတင် ပေါ်သို့ ထိုးချနေသည်။ အနိုင်သည် မှောက်လျက်က ငွေ လဝန်းကို မော်ကြည့်နေသည်။

"နောက်ပြီး မမမူပြောချင်တာ တစ်ခုက အနိုင်ကို မမမူပေးထားတဲ့ ငါးရာ့ငါးဆယ်နိပါတ်တော်တွေကို ဖတ် ဦးလို့၊ တကယ်တော့ ဒါတွေကမှ အလိမ္မာတိုးမှာ၊ စိတ်ကို ရင့်သန်စေမှာ။ နောက်ပြီး အနိုင်တို့အရွယ်ဟာ ဒီလိုအချစ် ရူး ရူးနေတဲ့ ကဗျာမျိုးတွေနဲ့ စိတ်ကိုပျံ့လွင့်စေရမယ့် အရွယ်မဟုတ်ဘူး။ နားလည်လား... ကဲ အိပ်တော့"

မူမူ၏အသံကား တိတ်ဆိတ်သွားလေပြီ။ အနိုင် ကား မအိပ်သေးပါ။ ခေါင်းအုံးပေါ်တွင် တံတောင်နှစ်ဖက် ကို ထောက်လျက် လက်ဝါးနှစ်ခုပေါ်ဝယ် မေးတင်ကာ လဝန်းကို ငေးဆဲပင်...

"မမမူ မနက်ဖြန်ကျရင်လေ အနိုင့်ကို မိန်ရက်ဘန်ဆို တဲ့ ပတ်ပျိုး တက်ပေးစမ်းပါနော်"

အနိုင် ငေးနေရာမှ ဘာစဉ်းစားမိသည်သည်မသိ။ မူမူအား လှမ်းပြောလိုက်သည်။

"မိန်ရက်ဘန်ဟုတ်လား၊ မမမူက ကောင်းကြီးသခ်ါ တက်ပေးမယ် ကြံနေတယ်"

"ဟင်... ပျင်းစရာကြီးကွယ်၊ မမမူကလည်း မိန်ရက် ဘန်က ကောင်းတယ်၊ တက်ပေးပါနော်... နော်"

မူမူ့လက်မောင်းကို လှုပ်ကာ နွဲ့ဆိုး ဆိုးသံဖြင့် ပူ ဆာနေပြန်သည်။

"ဘယ်ဟာကောင်းတာလဲ အနိုင်၊ ရွှေနန်းသူ့ကေ သီ၊ နောင့်ပါးတူမကွာပ၊ မျက်နှာကိုမြင်လာလှချည်ငဲ့ဆို တာလား"

အနိုင်က ရယ်လေသည်။ နောက် မမမူနှင့် ကပ်အိပ် ကာ...

"မဟုတ်ပါဘူး စာလုံးကလေးတွေက နုလို့ပါ၊ ဘောလယ်ကလေး ပါပါသေးရောလား ဘာတဲ့"

မူမူက ဘာမျှမပြောချေ။

"အဲ... ဟို မျှော်မျှော်တော်ရေးငယ်နှင့် ဆွေးရှာလိမ့် မည်။ ဘုံကွန်းဘွေသည်လီက သာ–သာကီများ–ဖြူရှစ် ဆိုင်ဘွားငယ်လို့ ခေါ်များခေါ်ယောင်–လေးတော့်နတ်သွင် ရွှေသဇင်ခက်ကယ်လေး–မှားပင့်သက်ယောင်–ဆိုတာလေ အဖွဲ့သိပ်ကောင်းတာပဲ။ ပေါ်လည်းပေါ်တယ်၊ နုလည်း နုတယ်၊ နောက်ပြီး..."

မူမူသည် အနိုင်၏လေသံကို မသင်္ကာသလို နား ထောင်ရာမှ...

"နေစမ်းအနိုင်၊ မမမူကိုပြောစမ်း ဒီသီချင်း ဘယ်သူ တက်ခိုင်းသလဲ"

"ဟဲ–ဟဲ မမမူက တယ်သိပါလား၊ ကိုကျော်ဦးက လေ ဒီသီချင်းသိပ်ကောင်းတယ်တဲ့"

ရယ်ရွှန်းဖတ်ရွှန်းနှင့် မူမူ့ကိုဖက်ရင်း အနိုင်က ဖြေ

လေသည်။ မူမူသည် မသိမသာ ပင့်သက်ကို ရှိုက်လိုက်သည်။

"မကောင်းပါဘူးကွယ်၊ အနိုင်တို့အတွက် တက်ပေးရမှာက ဒီသီချင်းမျိုး မဟုတ်ဘူး။ အနိုင့် အပျော့အနု ဒီလောက်မကြိုက်စမ်းနဲ့။ ကဲ တော်တော့။ မိုးချုပ်လှပြီ၊ အိပ်မှာသာအိပ်"

အနိုင်သည် မူမူ့ကို ဖက်ထားသော လက်များကို ဖြေလိုက်ပြီး လရောင်ကျနေသော ခေါင်းအုံးပေါ်ဝယ် မျက်လုံးအကြောင်သားနှင့် လှဲနေသည်။ သူ့မျက်စိထဲတွင် ကျော်ဆွေဦး၏ ဆံပင်ကောက်ကလေးတွေ ဝဲနေသည့် မျက်နှာ။

"မမမူ ကိုကျော်ဦးဟာ တော်တော်ချောတယ်နော်" သူမနေနိုင်သဖြင့် ပြောလိုက်မိပြန်သည်။

"အင်း..."မူမူက မျက်လုံးမဖွင့်ဘဲ ဖြေလေသည်။

"ချောတာမှ သူ့လိုချောတာမျိုး တော်တော်ရှားတယ်။ ကိုကိုလင်းတို့နဲ့များတော့ အပြတ်အသတ်..."

"အနိုင်..."မူမူသည် မျက်လုံးကို ဆတ်ခနဲဖွင့်ကာ ခပ်ဆတ်ဆတ် ခေါ်လိုက်သည်။ အနိုင်က လှည့်ကြည့်လေသည်။

"ဒီလိုတော့ မပြောပါနဲ့၊ တကယ်ဆိုရင် ကိုအောင်လင်းဟာ အနိုင်...အဲ အနိုင့်အစ်ကိုတစ်ယောက်လုံး မဟုတ်လားလို့..."မူမူသည် စိတ်လိုက်မာန်ပါ ပြောမိမလိုဖြစ်ရာက သတိရ၍ လမ်းလွှဲလိုက်ရသည်။

"အစ်ကိုပေမယ့် လှမှမလှတာ ဘယ့်နဲ့လုပ်မလဲ၊ ကိုယ့်အစ်ကိုဆိုတာနဲ့ပဲ လှရတော့မှာလား၊ ကိုကျော်ဦးကမှ ချောတာ..."

"အေး... အဲဒီချောတာ ကြောက်စရာအကောင်းဆုံး သိရဲ့လား၊ ချောတဲ့လူတွေဟာ များသောအားဖြင့် စိတ်နတယ်"

"ဟာ ဒါကတော့ မမမူတစ်ဖက်သတ် စွပ်စွဲတာပဲ။ ချောတိုင်းပဲ မကောင်းရတော့မှာလား..."

"အနိုင်က မဆိုပါဘူး၊ ဒါပေမဲ့ များသောအားဖြင့်လို့တော့ မမမူ ရဲရဲကြီး ဆိုဝံ့တယ်။ ရုပ်ရှင်တို့၊ ပြဇာတ်တို့ဘက်ကလူတွေ ကြည့်ပါလား..."

"ကိုကျော်ဦးက ဇာတ်လိုက်မင်းသားမှ မဟုတ်ပဲ" စောဒက တက်လိုက်ပြန်သည်။

"မင်းသားမဟုတ်ပေမဲ့ မင်းသားတွေထက် ချောသေးတယ်။ ချောတော့ ငါချောတာပဲဆိုပြီး မိန်းမတွေကလည်း ယောကျ်ားတွေကို ကစားချင်တာပဲ။ ယောကျ်ားဆိုရင်လည်း မိန်းမတွေကို ကစားချင်တာပဲ။ မောင်ကျော်ဦးတို့လို ဂီတဝါသနာပါတဲ့ လူတွေက သာပြီးစိတ်ပျော့သေးတယ်။ အိုကွယ်... အနိုင် ဒါတွေ ခုနားမလည်သေးပါဘူး။ မမမူပြောတာသာ မှတ်ထားစမ်းပါ။ ချောတာ၊ လှတာဟာ မက်မောစရာမဟုတ်ဘူးလို့... ကဲ အိပ်တော့"

အနိုင်သည် ကျော်ဆွေဦးအား ကြောက်စရာလားဟု စဉ်းစားကြည့်သည်။ သူ့စိတ်တွင် ကြောက်စရာမတွေ့၊ ချစ်စရာသာတွေ့သည်။

"မမမူက သိပ်အယူသီးတာပဲ"

သူ မကျေမနပ်နှင့် တိုးတိုးကလေး ညည်းညူလိုက်လေသည်။

* * *

"မောင်ကျော်ဦး ဒီမှာနေရတာ ပျော်ရဲ့လား" ကိုအောင်လင်းသည် ဆေးတံကို မီးညှိပြီး မီးခြစ်ဆံကို ဘေး သို့ လွှင့်ပစ်လိုက်ရင်း မေးလေသည်။ အနောက်ဘက်ကောင်းကင်ဝယ် တိမ်ရောင်စုံ ဆန်းလျက်ရှိနေသေးသော်လည်း အရှေ့ဘက်ကောင်းကင်ကား တိမ်ကင်းစင်၍ ပြာလွင်နေသည်။ ဆည်းဆာ။

"ကိုအောင်လင်းတို့လို ခင်မင်တတ်တဲ့ အိမ်သားတွေနဲ့ နေရတာ ဘယ်မပျော်ဘဲ ရှိပါ့မလဲဗျာ၊ နောက်ပြီး ဒီနေရာက သိပ်ပြီး ဆိတ်ငြိမ်တာ၊ ကျွန်တော်နဲ့တော့ အံကိုက်နေတာပဲ"

ကျော်ဆွေဦးသည် မိုးပြာဝယ် ခပ်ကျဲကျဲ တင်နေသော ထင်းရှူးပင်၏ အကိုင်းအရွက်များကို ကြည့်ရင်း ဖြေလိုက်ကာ "ခဏထိုင်ရအောင်လား" ဟု အဖော်ညှိလိုက်သည်။

သူတို့သည် ညှိထားသော စိမ်းလန်းသည့် မြက်ခင်းပေါ်၌ ထိုင်မိကြသည်။ ကိုအောင်လင်းသည် ဒူးတစ်ဖက်ထောင် တစ်ဖက်ချနှင့် ကိုယ်ကို တံတောင်ဖြင့် အားပြု၍ ခပ်လှဲလှဲ လျောင်းနေသည်။ ကျော်ဆွေဦးကား ဖိနပ်ကို ချွတ်၊ ခြေနှစ်ဖက်ကိုဆင်းကာ လွတ်လွတ်လပ်လပ် ထိုင်နေသည်။

"ဟုတ်တယ်၊ ဒေါ်လေးကအစ အနိုင်အဆုံး အားလုံးပဲ ဘယ်သူ့ကိုဖြစ်ဖြစ် ခင်မင်တတ်တာ၊ မောင်ကျော်ဦးလို လူအေးတစ်ယောက်ဆိုတော့ ဘယ်ပြောစရာရှိတော့မလဲ"

ကိုအောင်လင်းသည် ဂျူးခနဲ မီးခိုးများကို မှုတ်ထုတ်လိုက်သည်။

"အင်း..."

ကျော်ဆွေဦးသည် နှုတ်က အလိုက်သင့်ထောက်ခံရင်း ကိုအောင်လင်း၏ တွန့်နေသော ဘောင်းဘီစကိုကြည့်ကာ ပြုံးနေသည်။ စင်စစ်သော် သူ့စိတ်တွင်းက ဆန့်ကျင်ဘက် ဖြစ်နေသဖြင့် ရယ်ချင်နေခြင်းဖြစ်သည်။

တစ်အိမ်လုံးဆိုပေမဲ့ မမမူတစ်ယောက်တော့ မပါဘူး။ သူ့စိတ်တွင်းမှ ခေါင်းတယမ်းယမ်းနှင့် ငြင်းဆန်နေသည်။ သူသည် ထင်းရှူးပင်၏ အရွက်အခက်များ လှုပ်ရှားပုံကို သုံးသပ်နေရာမှ စိတ်ထဲတွင် ကာရန်တစ်ခု ရနေသည်။

"အနိုင်တစ်ယောက်ကတော့ ကိုကျော်ဦးကို အတော်ခင်ပုံပဲဗျ"

"ခင်ဗျာ" ကိုအောင်လင်း၏အမေးကို ကောင်းစွာမသဲကွဲလိုက်သဖြင့် ထပ်မေးမိသည်။

"ဪ... အနိုင် ပြောပါတယ်၊ ကိုကျော်ဦးကို အတော်ခင်ပုံရတယ်လို့"

မျက်လုံးကို မသိမသာစွေကာ အကဲခတ်သလို ထပ်ပြောလိုက်သည်။ ကျော်ဆွေဦး၏ ကြည်နူးစွာပြုံးလိုက်သော အပြုံးကို သူကောင်းစွာ မြင်လိုက်ရသည်။

'အနိုင်...အနိုင်ကတော့ ကျော်ဆွေဦးအဖို့ ကြည်နူးစရာကြီးပေပဲလား' ကိုအောင်လင်းသည် သက်ပြင်းကို မသိမသာ ချလိုက်လေသည်။

"ဟုတ်ပါရဲ့ အနိုင်တစ်ယောက်ဟာ တော်တော် ခင်မင်စရာကောင်းတဲ့ ကလေးမပဲ"

တော်တော်ခင်မင်စရာကောင်းတဲ့ ကလေးမ။ ကျော်ဆွေဦး၏ နှင်းဆီနှစ်လွှာကြားမှ အပြုံးနှင့်အတူ ထွက်လာသော စကားတို့ကို သူ့စိတ်ထဲတွင် ပဲ့တင်ထပ်လိုက်ပြီး 'အင်း...'ဟု ဘာကို ဆိုလိုသည်ဟု မမှန်းဆနိုင်သော အသံဖြင့် တစ်ချက်ညည်း၍ မြက်ခင်းပေါ်သို့ လက်နှစ်ဖက်ကို ပတ္တာဆက်ခေါင်းအုံးကာ လှဲချလိုက်လေသည်။ ထင်းရှူးပင်သည် သူတို့ကို ငုံ့ကြည့်နေသည်။

"ကိုအောင်လင်း– ထင်းရှူးရွက်ကလေးတွေ လေတိုးလို့ ဘေးကွဲ ကွဲသွားပုံဟာ ကဗျာမဆန်လား၊ ကျွန်တော်သာ စာရေးဆရာဆိုရင် ဒါမျိုးကို မိန်းမပျိုကလေးရဲ့ အပြုံးလို့ တင်စားမိမှာပဲဗျ..."

ဉာဏဗလမျှူးကပြောရင်း သူ့ဘာသာသူ ရယ်နေလေသည်။ ကိုအောင်လင်းကား လေတိုးလိုက်သဖြင့် ရှဲခနဲ ဘေးသို့ကွဲကွဲသွားသော ရွက်မြွာကလေးများ၏ လှုပ်ရှားပုံမှာ အနိုင်ကလေး၏ အပြစ်ကင်းစင်သော ပြုံးပုံနှင့်တူသည်ဟု ထင်လာမိသည်။

မောင်ကျော်ဦးလည်း ဒီလိုပဲထင်မှာပဲ။ ကြည့်ပါလား ပြုံးနေတဲ့ သူ့မျက်နှာကို။ သူသည် မျက်စိကို မှိတ်ထားလိုက်သည်။ သူ့ရင်ထဲတွင် ဂယက်လှိုင်းထနေသည်။

'ငါပြောလိုက်ရ ကောင်းမလား၊ ငါနဲ့ အနိုင်နဲ့ဟာ စေ့စပ်ထားပြီးသားဆိုတာ သူသိရင် ရှောင်သွားမှာအမှန်ပဲ။ အနိုင့်ကိုမပြောရက်ရင် သူ့ပဲပြောပြမှ ထင်ပါရဲ့'

ကျော်ဆွေဦးအကြောင်း သူကောင်းကောင်းသိပါသည်။ ရုပ်ချောသလောက် စိတ်သဘောထားကြီး၍ အနုပညာလိုက်သလောက် အတွေးအခေါ်ရင့်သန်သူ ဉာဏဗလမျှူး၊ သူ့ကျေးဇူးရှင်၊ အနိုင်ချစ်နေသူ... သူသက်ပြင်းချလိုက်ပြန်သည်။

'ပြောလိုက်လို့ သူထွက်သွားရင် ငါတော့ စိတ်အေးသွားရမှာပဲ။ ဒါပေမဲ့ အနိုင်... အနိုင် သူ့စိတ်ချမ်းသာပါ့မလား။ သူဘယ်လိုဖြစ်ကျန်ရစ်ခဲ့မလဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အသည်းနှလုံး မီးမြိုက်ခံရရင်... ဟင်– ငါကော စိတ်ချမ်းသာတော့မှာတဲ့လား။ ဒါဖြင့် မောင်ကျော်ဦးနဲ့ပဲ...'

သူ့နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ထားလိုက်မိသည်။ ဤမျှတွေးရသည်ပင် သူ့အသည်းနာလှပါပြီ။ သို့သော် သူသည် စိတ်ကိုတင်းပြန်သည်။

မောင်ကျော်ဦးလည်း လူကောင်းတစ်ယောက်ပဲဟာ။

သူ ကျော်ဆွေဦးကို ကြည့်လိုက်ရာ ထင်းရှူးပင်ကို မော့ကြည့်ရင်း ငြိမ်သက်နေသည်ကို မြင်ရသဖြင့် ငေးကြည့်နေမိသည်။ နဖူးပေါ်ဝယ် ဆံပင်ကောက်ကလေးများသည် လေတိုးသဖြင့် တလှုပ်လှုပ်၊ သူ့မျက်နှာမှာ ပြုံးချိုချိုမို့ ကြည့်၍တစ်မျိုးကောင်းနေသည်။ သူ့လောက် မထွား

ကျိုင်းသော်လည်း ကျော်ဆွေဦး၏ ကိုယ်လုံးမှာ မသေးကွေးလှ၊ ကျစ်လျစ်၍ သန်မာပုံရသည်။ အရပ်မြင့်သဖြင့် ပိုကြည့်ကောင်းသည်။

'အင်း...အလှ....အလှ...အနိုင်နဲ့တော့ လိုက်ပါရဲ့' သူ ဖြုန်းခနဲ လှဲနေရာမှ ထလိုက်သည်။

"ကဲ... ကိုယ်တော့ ဝင်ရေ့မယ်။ မောင်ကျော်ဦး ကော"

"ကျွန်တော် ခဏနေခဲ့ဦးမယ်လေ"

သူ့တစ်ယောက်တည်း ကျန်ရစ်သောအခါ စောစောက သူပြုံးမိသော အတွေးနှင့် ရင်တွင်းမှ ကာရန်လိုင်းတို့ကို ပေါင်းစပ်ကာ ခါးကြားမှ စာအုပ်ကလေးကျောဘက်တွင် သူခံစားရသည့် ဝေဒနာကို ဖွင့်ချလိုက်လေသည်။

***ထင်းရှူးရိပ်မှ အမုန်း...***

* * *

သတ္တုစားပွဲတင်ခါတတ်မီးအောက်ဝယ် စာအုပ်များသည် စီရရီ၊ စာရွက်များသည် ဖွာရရာ၊ ကျော်ဆွေဦးသည် စာအုပ်တစ်အုပ်ထဲတွင် တစ်စုံတစ်ခုကို စိတ်ဝင်စားစွာ ရေးလျက်ရှိသည်။ နာရီလက်တံများကား ကိုးနာရီသို့ ညွှန်ပြလျက် ရှိလေပြီ။ တစ်ခန်းလုံးကား တိတ်ဆိတ်လျက်။ ကျော်ဆွေဦး၏ ကလောင်ခြစ်သံ တကျစ်ကျစ်ကိုသာ ကြားရသည်။

အနိုင်သည် ပျင်းလာသလို နေရာပြင်ထိုင်ရာက ကျော်ဆွေဦးကို လှမ်းကြည့်လိုက်သည်။ မီးရောင်ဝယ် ကျော်ဆွေဦး၏ မျက်နှာဝင်းဝင်းမှာ ကြည့်၍မငြီးနိုင်အောင် သူ့ကိုညို့ထားလေသည်။ ဆံပင်ကောက်ကလေး ဝဲနေသည့်နဖူးပြင်ဝယ် အနည်းငယ်ချွေးစို့နေသည်။ အနိုင်သည် သူ့အား ပင်ပန်းသလို ငေးကြည့်နေမိသည်။

'ကိုကျော်ဦးလို လူချောလူလှတွေဟာ ကြောက်စရာတဲ့' သူ့မမမှ ခဏခဏပြောပြခဲ့သည့် စကားလုံးများကို သတိရရင်း စဉ်းစားနေသည်။ ရှည်လျားသော မျက်တောင်ကော့ကြီးများအောက်မှ မျက်လုံးနှစ်လုံးကို မျက်လွှာချကာ အလုပ်၌ အာရုံစူးစိုက်နေသဖြင့် သူ့မျက်နှာမှာ ဣန္ဒြေရရနှင့် သိမ်မွေ့နေလေသည်။ စပို့ရှပ်အပြာရင့်မှာ သူ့အသားဝင်းဝင်းကို ပိုမိုပေါ်လွင်စေသည်။

'ကိုကျော်ဦးဟာ မမမှ ပြောသလို ဆိုးဝါးမယ် မဟုတ်ပါဘူး'

သူ ကျော်ဆွေဦး၏ မင်စအနည်းငယ်ပေနေသော လက်ညှိုးကလေးကို စိုက်ကြည့်နေသည်။

"ပျင်းနေပြီလားအနိုင်။ ကိုကျော်ဦး အလုပ်ကလေး တစ်ခါတည်း လက်စသတ်လိုက်ချင်တာနဲ့"

အားနာသယောင်၊ တောင်းပန်သယောင် ပြုံးတုံ့တုံ့မျက်နှာကို အနိုင် ပြန်ပြုံးကြည့်ရင်း ခေါင်းခါလိုက်သည်။

"ကိစ္စမရှိပါဘူး"

"ကျေးဇူးတင်ပါတယ် အနိုင်၊ ဒါပေမဲ့ တစ်ခါထပ်ပြီး တောင်းပန်ပါရစေဦး။ ခု ကိုးနာရီတောင် ကျော်သွားပြီ။ အနိုင်အိပ်ဖို့လည်း အချိန်ရောက်နေပြီ။ ကိုကျော်ဦးလည်း နားပါရစေလားအနိုင်။ မနက်ဖြန်ကျတော့ အနိုင်သိချင်တာ ကိုကျော်ဦး ကျကျနနပြောပြပါ့မယ်။ ဟုတ်လား။ ဘယ်လိုမှ မထင်နဲ့နော် အနိုင်"

အနိုင်သည် သူကိုပြုံးရယ်ကာပင် ခေါင်းညိတ်ပြလိုက်သည်။ ကိုကျော်ဦးကသာဆိုလျှင် ဘာမဆို အနိုင့်အဖို့ ကျေနပ်စရာချည်းပင် ဖြစ်ပါတော့သည်။ 'ဟုတ်ပါတယ်၊ သူ့ခမျာ ပင်ပန်းနေရှာပါတယ်၊ ချွေးတွေများပြန်လို့'

"အနိုင်သွားတော့မယ် ကိုကျော်ဦး"

ကျော်ဆွေဦး ခေါင်းညိတ်လိုက်သည်။ လှုပ်ခနဲကျလာသော ဆံစကလေးများကို အနိုင်သည် ငေးမလိုဖြစ်ရာက သတိထား၍ လှည့်ထွက်ခဲ့သည်။

"အနိုင်တစ်ယောက် ဒီမှာမဟုတ်လား"

ခန်းဆီးကိုအသာလှပ်၍ မေးလိုက်သော ဒေါ်လေး၏ မေးခွန်းကို ကိုအောင်လင်း မည်သို့ပြန်ဖြေရမည်မသိခင် အနိုင်သည် ကျော်ဆွေဦးအခန်းမှ ထွက်လာပြီး သူ့အခန်းကို ဖြတ်၍သွားသည်ကို မြင်လိုက်ရသည်။

"ဟဲ့ အနိုင်"

"ဒေါ်လေး"

ကိုအောင်လင်းသည် ဒေါ်လေးကို ဖြတ်ချလိုက်ပြီး သူ့ကိုခေါ်လိုက်သဖြင့် ရပ်တန့်မလိုဖြစ်နေသော အနိုင်သို့ လှည့်၍ မချမ်းမြေ့ခြင်းနှင့် ကြင်နာခြင်း ရောပြွမ်းနေသော အသံဖြင့်...

"ဘာမှမဟုတ်ဘူးအနိုင် သွားအိပ်ချေတော့" ဟု ပြောလိုက်သည်။

အနိုင်သည် ကိုအောင်လင်းနှင့် သူ့အမေကို တစ်

လှည့်စီကြည့်ပြီး တွေးရင်းထွက်သွားသည်။

"ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ မောင်အောင်လင်း ဒေါ်လေး သူ့ကိုပြောမလို့ ခေါ်တာ။ ဘယ့်နဲ့ကွယ် ယောကျ်ားကလေးတစ်ယောက်အခန်းထဲကို ဒီအချိန်သွားရတယ်လို့ ငယ်တော့တဲ့အရွယ်လည်း မဟုတ်ဘူး။ နောက်ပြီး..."

ကိုအောင်လင်း၏ မရွှင်လန်းသောမျက်နှာကို သတိထားမိသဖြင့် အနည်းငယ်ရပ်ဆိုင်းသွားပြီးမှ...

"မောင်အောင်လင်းလည်း ကြိုက်တဲ့အလုပ်မဟုတ်ဘဲနဲ့ဟာ။ ဒေါ်လေးသူ့ကို ပြောစမ်းပါရစေကွယ်"

ဒေါ်လေးသည် ကိုအောင်လင်းကို အားမလိုအားမရကြည့်ရင်း မကျေမနပ်နှင့်ပြောနေသည်။

ကိုအောင်လင်းသည် သူ၏မျက်ရည်ဝဲလာသောမျက်လုံးများကို ဒေါ်လေးမမြင်အောင် တစ်ဖက်သို့ မသိမသာ စောင်းငဲ့လိုက်သည်။ လခြမ်းအကွေးကလေးသည် ပြတင်းပေါက်မှန် လေးထောင့်ကွက်ထဲတွင် အပြာရေအပြင်မှ နာဝါလေ့ယဉ်ကလေး ပန်းချီကားတစ်ချပ် သဏ္ဍာန်ဆောင်နေသည်။

"ဒေါ်လေး သူ့ကို အကြောင်းစုံပြောပြလိုက်စမ်းပါရစေလား"

"အို... ဒေါ်လေး" ဖျတ်ခနဲပြန်လှည့်ရင်း သူ ဒေါ်လေးကို ကမန်းကတန်း တားလိုက်သည်။

"မပြောပါနဲ့ ဒေါ်လေးရယ်၊ မပြောလိုက်ပါနဲ့"

"ဘယ့်နဲ့မပြောလို့ဖြစ်ပါ့မလဲ မောင်အောင်လင်း၊ မောင်အောင်လင်းပြန်ရောက်စကတည်းက တစ်ခါတည်း အသိပေးမယ်ကြံတာ၊ ဒီတုန်းကလည်း မောင်အောင်လင်းပဲ တားတာပဲ"

"ခရီးရောက်မဆိုက်ကြီးမို့ပါ ဒေါ်လေးရယ်"

"ဘာပဲဖြစ်ဖြစ် အဲဒီတုန်းကသာ ပြောလိုက်ရင် ခုလောက်တောင် စိတ်မဆင်းရဲကြရဘူး။ မောင်အောင်လင်း အပြစ်ပဲ။ တစ်နေ့ မတော်တာဖြစ်တော့ ဒေါ်လေးတို့ရော အပြစ်ကင်းမလား။ မီးဆိုတာ မလောင်ခင်က တားရတာမျိုးကွဲ့"

ဒေါ်လေးက ဒေါနှင့်မာန်နှင့် ပြောနေသလောက် ကိုအောင်လင်းကား ခေါင်းကိုသာ တွင်တွင်ခါနေလေသည်။

"ဒီလိုလုပ်လိုက်ရင် သူစိတ်ချမ်းသာတော့မှာ မဟုတ်ဘူး ဒေါ်လေးရယ်။ သူဘယ်နည်းနဲ့မှ စိတ်ချမ်းသာတော့မှာ မဟုတ်ပါဘူး"

လေးလေးတွဲ့တွဲ့ ညည်းညူရင်း ခုတင်ပေါ်သို့ နုံးခွေစွာ လှဲချလိုက်လေသည်။

"စိတ်မချမ်းသာလည်း ခဏပဲနေမှာပါပဲကွယ်။ နောက်မှဆိုရင် အပ်နဲ့ထွင်ရမှာကို ပေါက်ဆိန်နဲ့ ပေါက်နေရလိမ့်မယ်။ မင်း အနိုင်ကို ချစ်တယ်ဆိုတာ နှစ်တာနဲ့ တူနေပါပကော မောင်အောင်လင်း"

ဒေါ်လေးသည် ပြောပြောဆိုဆိုပင် ခန်းဆီးကို ဖယ်ကာ အပြင်သို့ ခြေတစ်လှမ်းထုတ်လိုက်လေသည်။

"ဒေါ်လေး..."

ကိုအောင်လင်း၏ အရေးတကြီးခေါ်သံဖြစ်သည်။ တစ်နည်းအားဖြင့် တားဆီးသံလည်း မှန်ပေသည်။

ဒေါ်လေးသည် သူ့ကိုလှည့်ကြည့်သည်။

"သူစိတ်မချမ်းသာရင် ကျွန်တော် စိတ်မချမ်းသာတာနဲ့ အတူတူမို့ သူ့ကိုတော့ မပြောစေချင်ဘူး၊ အနှောင့်အယှက် မပေးစေချင်ဘူး ဒေါ်လေးရယ်။ ကျွန်တော် တောင်းပန်ပါတယ်။ တစ်နေ့တော့ သူ... သူ ကျွန်တော့်ကို ချစ်လာပါလိမ့်မယ်"

ပြောသာပြောရသည်။ ဤ သူချစ်လာမည့်တစ်နေ့မှာ ဘယ်နေ့ဖြစ်မည်ကို နည်းနည်းမှ မမှန်းဆနိုင်ပေသည်။ တစ်ဖက်တွင် ဤနေ့မျိုး ပေါ်မှပင်ပေါ်ပါဦးမလား။

သို့သော် ဒေါ်လေးသည် နဂိုကပင် စိတ်မချမ်းမြေ့ရှာသော တူဖြစ်သူအား နောက်ထပ်သောကမပိုစေလိုတော့သဖြင့်...

"ဒါဖြင့်လည်း မောင်အောင်လင်း သဘောပေါ့ကွယ်" ဟူ၍ လိုက်လျောကာ ပြောလိုက်ပြီး လှည့်ထွက်သွားတော့သည်။

'အနိုင်ရယ်... ကိုကိုလင်းကို နည်းနည်းလောက်မှ မချစ်နိုင်ဘူးနော်"

ကိုအောင်လင်းသည် ပန်းလျစွာ ညည်းမိရှာလေသည်။

* * *

***"ထင်းရှူးရိပ်မှအမုန်း"***

*ရွက်လှွာရွှေ၊ သေးမွှမ္မတည့်*

*မိုးဝအပြာ၊ နောက်ကကာလျက်*
*လေလာကသွဲ့၊ နွဲ့ရရဲ့သည်*
*အိုဘဲ့အပြုံး- မယ့်အပြုံး။ ။*
*ဖြစ်ကောင်းစရာ၊ ဖြစ်စရာတည့်*
*သည်ဟာအပြုံး၊ မယ့်အပြုံးဟု*
*ယူကျုံးစိတ်မှာ၊ ထင်မှတ်ပါလည်း*
*ဘယ်ခါဘယ်မှ၊ ချစ်မမ၏*
*ချမ်းမြကြည်သာ၊ ချိုမျက်နှာကို*
*မောင့်မှာမတွေ့၊ မမြင်၍မို့*
*အိုလေညှိုမှိုင်၊ မမှတ်နိုင်ခဲ့*
*နွမ်းယိုင်ပင်ပန်း၊ မောင်မျှော်မှန်းက*
*မာန်သွမ်း-မာန်ခ၊ မာန်မူပြု၍*
*ညစ်ကျူ-စိတ်ကူး-မရှင်မြူးသည်*
*ထင်းရှူးရိပ်မှ-အို အမုန်း။ ။*

"တစ်ဆိတ် ဖတ်ပြီးရင် ကျွန်တော့်ကိုကျေးဇူးပြုပါလား ခင်ဗျာ"

မူမူ့လက်ထဲမှ စာရွက်ကလေး လွတ်ကျတော့မလိုဖြစ်သွားသည်။ မူ သိပါသည်။ အသံရှင်မှာ သူတတ်နိုင်သမျှ ရှောင်ရှား၍ အထူးသဖြင့် စိတ်မဝင်စားမိအောင် (ဝါ) သူစိတ်ဝင်စားမှန်း မသိစေရအောင် ကြိုးစား၍နေရသော ကျော်ဆွေဦးမှန်း သူကောင်းကောင်းသိလိုက်ပါသည်။

'အမလေးနော်... ခုချိန်မှပဲ သူနဲ့ တွေ့တတ်ပလေတယ်'

မူမူ စိတ်တွင်းမှ စိတ်ပျက်လက်ပျက် ညည်းညူလိုက်မိသည်။ သူဘယ်တုန်းက ရောက်နေပါလိမ့်။ ငါ့စိတ်ထဲမှာ ထိခိုက်သွားတယ်ဆိုတာ သူသိသွားပြီလား...။ အို ငါ သူ့ကို စိတ်ဝင်စားတယ်လို့ ထင်သွားပြီလား။ မူမူသည် စာရွက်ကလေးကို ကြေမွသွားမတတ် တင်းတင်းကြီး ဆုပ်ထားရင်း မဝံ့မရဲမျက်လုံးများကို အတင်းအားပေး၍ မော်ကြည့်လေသည်။

ကျော်ဆွေဦး။

အတော်ကလေး ကျေနပ်နေသော မျက်နှာထားဖြင့် သူ့အား အကဲခတ်နေသော ကျော်ဆွေဦးကား ဖိုင်တွဲရန် ဖောက်ထားသော အပေါက်ကလေးနှစ်ပေါက်နှင့် စာရွက်ပြာလှဲ့လှဲ့ကလေးကို မြင်သည်နှင့်ပင် မူဖတ်နေသည်မှာ သူ့ကဗျာ 'ထင်းရှူးရိပ်မှ အမုန်း' မှန်း သိနေပါပြီ။

"မမမူ ခုလို ကဗျာတွေမှာ စိတ်ဝင်စားသေးတယ်ဆိုတာသိရလို့ ကျွန်တော် သိပ်ဝမ်းသာတာပဲ။ တကယ်တော့ ကဗျာဟာ ဂီတနဲ့ တွဲနေတာပဲ။ မမူဟာ ဂီတကို ပစ်လိုက်ချင်ပေမဲ့ ကဗျာကို ချစ်သေးတယ်နော်။ ကျေးဇူးတင်ပါတယ် မမမူ။ ကျွန်တော့်ကို စိတ်မဝင်စားပေမဲ့ ကျွန်တော့်ကဗျာကို မြတ်နိုးတယ်ဆိုရင်ပဲ ကျေနပ်လှပါပြီ"

ကျော်ဆွေဦး၏ အသံမှာ အေး၍ ပြောပုံမှာ သိမ်မွေ့သည်။ မူမူသည် ဘာပြန်ပြောရမည်မသိခင် နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။

"အို စိတ်ဝင်စားတယ်လည်း မဟုတ်ပါဘူးလေ။ အနိုင်ရေးထားတာများလားလို့"

မပွင့်တပွင့် တတ်နိုင်သမျှ လေအေးနှင့်ပြောလိုက်ရသည်။ သို့သော် သူ့ရင်တွင်း၌လည်း မအေးလှ...

'အမုန်း' ဟူသော စကားလုံးသည် သူ့ရင်ကို ပူစေသည်။ သူ့အသည်းကို အတော်ကလေး နာကျင်စေသည်။ သူ့ကို ငါက မုန်းတယ်တဲ့။

"မမမူ ဒီကဗျာကို စိတ်ဝင်စားနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဘာဖြစ်လို့ မုသားသုံးချင်ရတာလဲမမမူ။ ကျွန်တော့်ကဗျာဆိုတာနဲ့ပဲ ကိစ္စတုံးပြောလိုက်တာလား"

မူမူသည် အနာပေါ်တုတ်ကျ၍ အခံရခက်သော မျက်နှာမျိုးဖြင့် ကျော်ဆွေဦးကို အံကလေးကြိတ်ကာ ကြည့်နေသည်။

"ဒီမှာ မမမူ ကျွန်တော်တစ်ခုမေးပါရစေ။ မမမူ ကျွန်တော့်ကို အရင်က သိဖူးသလား"

မူမူ သူ့ကို နားမလည်သလိုကြည့်ပြီး ခေါင်းခါပြသည်။

"ဟုတ်တယ် ကျွန်တော်လည်း မမမူကို ခုမှမြင်ဖူးတာပဲ။ ဒါနဲ့တောင်မှ မမမူဟာ ကျွန်တော့်ကို မကျေနိုင်တဲ့ ရန်ကြွေးတွေ ရှိနေသလိုပဲ"

မူမူ့စိတ်ထဲတွင် မျက်ခနဲ ဖြစ်သွားကာ မျက်နှာလည်း မည်းသွားသည်။ ရန်ကြွေး... စိတ်နာစရာနှင့် သူ ပုံ့တင်ထပ်မိပြန်သည်။ ရန်ကြွေး...

"ဘာဖြစ်လို့လဲဆိုတာ ကျွန်တော် တွေးလို့မရဘူး။ ခုမှ တစ်ယောက်နဲ့တစ်ယောက် တွေ့ဖူးကြတဲ့ ကျွန်တော်တို့ဟာ ဘာလို့များ ရန်သူအနေမျိုး ဖြစ်နေရတာပါလိမ့်"

မူမူသည် မျက်ရည်ဝဲလာသဖြင့် မျက်နှာကို အောက်

စိုက်ထားသည်။ ရန်သူတဲ့... လာပြန်ပြီ...

"ကျွန်တော်ကတော့ မမမူကို အမုန်ပဲ ခင်ပါတယ်။ မမမူကသာ..."

"မောင်ကျော်ဦး" သူ အသည်းနာသလို ကျော်ဆွေဦးကိုကြည့်ကာ ဖြတ်ခေါ်လိုက်သည်။

သို့သော် သူ့အသံမှာ အနည်းငယ်တုန်သလို ဖြစ်နေသဖြင့် မူမူ သူ့ကိုယ်သူပင် စိတ်ဆိုးသွားမိသည်။

"ဗျာ" ကျော်ဆွေဦးက သူပြောမည့်စကားကို နားစွင့်နေသည်။

"မောင်ကျော်ဦးကို မမမူ ဘာများ ရန်သူအနေမျိုး ပြုမိပါသလဲ မေးစမ်းပါရစေ"

သူ နဂိုအသံရအောင် ကြိုးစားပြီး အတတ်နိုင်ဆုံး လေအေးဖြင့် မေးရသည်။

"ဩော်..." ကျော်ဆွေဦးသည် သူ့ကို အံ့ဩသလို မော်ကြည့်ပြီး "ကျွန်တော်ရောက်တာ ခုဆိုရင် အရက်နှစ်ဆယ်လောက်ပဲ ရှိတော့မယ်။ မမမူ တစ်ခါမှ ပြုံးပြုံးရယ်ရယ် စကားမပြောဖူးဘူး။ ကျွန်တော်က အကောင်းပြောလည်း ဘုပြန်ပြောတာပဲ။ လေသံကိုက ထူးထူးခြားခြား ကျွန်တော့်အပေါ်မှာ ပိုပြီးတင်းမာနေတယ်"

မူမူသည် ကျော်ဆွေဦးကို မကြည့်ဘဲ တစ်ဖက်သို့ လှည့်ကာ စားပွဲစွန်းကို လက်တစ်ဖက်ဖြင့် အားစိုက်ထားသည်။

"ကျွန်တော်ဟာ ဒီလောက်ပဲ မျက်နှာမြင် မုန်းချင်ပါစေဆိုတဲ့ဆုနဲ့ ပြည့်စုံနေသလေးလို့ ကိုယ့်ကိုယ်ကို အံ့ဩမိတယ်..."

မူမူသည် သက်ပြင်းကို မောမောပန်းပန်း ရှူထုတ်လိုက်လေသည်။

"ကျွန်တော့်ရုပ်ဟာ မြင်ရတဲ့လူတိုင်း ခင်မင်ရမယ်လို့ အထင်ကြီးခဲ့မိတာတွေဟာ တက်တက်စင်မှားနေပါပကော မမမူ"

စိတ်ကိုတင်းထားသော်လည်း မရဘဲ သတိလစ်သွားကာ မူမူ ဖျတ်ခနဲ သူ့မျက်နှာကို ကြည့်မိသည်။ မြူတိမ်များ သမ်းနေသည့် ငွေစန်းသော်တာ အသနားခံနေသလား၊ စိတ်ညစ်နေသလား၊ စိတ်အားထက်သန်နေသလား မူမူမသိ။ သို့သော် သူ့မျက်နှာ ပပဝင်းမှာ မြူကြားမှမြင်သော ဖိုးလမင်းကဲ့သို့ မူမူ့စိတ်ကို အားမလို အားမရ ဖြစ်စေသည်။

"မမမူ လူတစ်ဖက်သားကို မုန်းတယ်ဆိုတာ မကောင်းပါဘူးဗျာ။ မုန်းဆိုတဲ့ စာလုံးကြီးကိုက သုန်သုန်မှုန်မှုန်နဲ့ ရန်လိုနေသလိုပါပဲ။ မမမူလို ချောတဲ့မိန်းမတစ်ယောက်ဟာ ခုလိုမုန်းရိပ်တွေ သမ်းနေမယ့်အစား ပြုံးရောင်ခြည်ကလေး လျှမ်းနေမယ်ဆိုရင် ဘယ်လောက်များ ပိုပြီး ကျက်သရေရှိသွားမယ်ဆိုတာ..."

မူမူ၏ပါးပြင်တွင် နှင်းဆီရိပ်ကလေး သမ်းသွားကာ မျက်နှာကလေးမှာ မဲ့တဲ့တဲ့ကလေး ဖြစ်သွားသည်။ မောင်လေးရယ် ဘာဖြစ်လို့ ဒီ မုန်း–မုန်း–မုန်း ကြီးနဲ့ မမမူ အသည်းကို ခွဲချင်ရတာလဲ။ မမမူ ဒီစကားလုံးကြီးကို မကြားချင်ဘူး။ မကြားပါရစေနဲ့တော့။ မမမူကို မသတ်ပါနဲ့ မောင်လေးရယ်။

"ပြုံးတယ်ဆိုတာ စာလုံးကလေးကိုက ချစ်စရာ ချိုချိုပြုံးကလေးမို့ ကျွန်တော့်ကဗျာမှာ ထင်းရှူးရိပ်က အပြုံးလို့သာ ထည့်လိုက်ချင်တော့တာပါပဲ။ ဒါပေမဲ့ ကျွန်တော်တကယ်ခံစားရတာကတော့ အမုန်း..."

မူမူသည် နှုတ်ခမ်းကို ကိုက်ထားရာမှ အားယူ၍–

'မမမူ ဘယ်သူ့ကိုမှ မမုန်းပါဘူးကွယ်။ မောင်ကျော်ဦးကိုလည်း မမုန်းပါဘူး'

သို့သော် သည်စကားစုသည် သူ့နှုတ်မှမထွက်ဘဲ လည်ချောင်းထဲတွင်ပင် နစ်မြုပ်၍သွားတော့သည်။ သူဆက်လက်၍ ဤနာကြည်းဖွယ် သူ့နှလုံးသားကို ခွဲစိတ်နေသော စကားတို့ကို မကြားလိုတော့။ ဖြေလည်း မဖြေရှင်းလိုတော့။ စင်စစ် ဖြေရှင်းရန်လည်း မလိုဟု သူယူဆသည်။ သို့သော် ကျော်ဆွေဦး ထင်ချင်သလို ထင်ပေ့စေတော့ဟူ၍လည်း ရဲရဲကြီး ဥပေက္ခာ မပြုနိုင်။ ဤသို့ ဝေခွဲမရနိုင်သော လှုပ်ရှားနေသည့် စိတ်နှင့်ပင် သူ ရတ်တရက် အခန်းတွင်းမှ တုန်တုန်ယင်ယင်နှင့် ထွက်သွားသည်။ ကျော်ဆွေဦးကား သူ့အား နားမလည်သလို ငေးကာကြောင်၍ ကျန်ရစ်ခဲ့သည်။ သို့သော် သူ့ခြေရင်းတွင်မူ 'ထင်းရှူးရိပ်မှ အမုန်း' သည် ကြေမွှနွမ်းနယ်စွာ ငြိမ်သက်လျက် ကျန်ရစ်ခဲ့တော့သည်။

* * *

*စက်လဲဘုံဘေဘွေ၊ လေပြည်ဆော်သွင်းလို့၊*

*မှန်ရီငွေနှင်း– မင်းငယ်ဖြူပြာ။ ခင်လေးလိမ်တမာ–*
*မူမူယာဆန်းတဲ့ ရွှေကိုယ်–ပူသူသာ နန်းက ခြွေလို...*

ကျော်ဆွေဦးသည် မူမူကို စိုက်ကြည့်ရင်း တယော ကို ညှနေသည်။ မူမူရက်စိတ်နှင့် မွန်နေသည့်ကြားမှပင် သူ့ကို စေ့စေ့ပြန်ကြည့်မိသည်။ ဆံပင်များမှာ ဖရိုဖရဲနှင့် နဖူးပေါ် တစ်ဝက်ကျလျက် ရှိသည်။ ခါတိုင်းကဲ့သို့ ဆံနွယ် ကလေးများသည် နည်းနည်းနှင့် သိမ်သိမ်မွေ့မွေ့ ခွေမနေ၊ ခပ်ရိုင်းရိုင်းနှင့်များများ။ သူ့မျက်လုံးများသည် ခါတိုင်းကဲ့ သို့ ရောင်ခြည်လဲ့မရွှန်း၊ မှန်မှိုင်းရီဝေနေသလို ထင်ရသည်။ သို့သော် လေးနက်သည်။ သူဆိုနေသော တေးသားအနက် အကျယ် အစုံအလင်ကို ဤမှိုင်းမှုန်သော မျက်လုံးများဝယ် အကုန်အစင် မြင်နေရသည်။ မူမူယာ ဆန်းတဲ့ ရွှေကို၊ ပူသူ သာ နန်းကခြွေလို... တဲ့။ မူမူသည် သက်ပြင်းချကာ မျက် နှာကို တစ်ဖက်သို့ ငဲ့လိုက်သည်။

*ဘုန်းမိုမိုငယ်... မြင်လှဲ့စမ်းပါဆို– ရွှေကိုယ်ပန်း*
*တဲ့ ဖြစ်ကို...*

'မြင်နေရသားပဲ မောင်ကျော်ဦးရယ်၊ မမမူ သိပါ တယ်။ မောင်ကျော်ဦး မမမူကို ချစ်တယ်၊ သိပ်ချစ်တယ် ဆိုတာကိုလေ...'

မူမူ ဤစကားများကို အပြင်သို့ ထွက်မလာစေရန် နှုတ်ခမ်းကို တင်းကျပ်စွာ ပိတ်ထားလိုက်သည်။

*မိုးညိုဒေဝါ၊ ရွာဟန်နှင့် မှိုင်းလို့ရီမှောင်၊ မှန်ပြာ*
*ပြာ ဆီးလို့ဟန်ဆင်၊ ခင်စံရာ နန်းကလိုပင်...*

မူမူအပြင်သို့ မျှော်ကြည့်လိုက်မိသည်။ သီချင်းထဲက လို မိုးရိပ်များမရှိ၊ လမင်းသာ ဝင်းပပနှင့် သာနေသည်။ ကျော်ဆွေဦး၏ မျက်နှာမှာ ငွေလရောင်ကို ကျောပေးထား သဖြင့် အရိပ်ကျနေသည်။ သူ့ဆံပင်ကောက်များကား ငွေ ရောင်လျှပ်နေသည်။ ပိုးရုပ်လက်တိုမှာ ကြယ်သီးများ ပြုတ်နေသဖြင့် ရော့ရဲရဲနှင့် ဟပြဲဖြစ်နေသည်။ မန္တလေးတစ် ပတ်နွမ်းမှာ အရောင်မရှိ၊ မှိုင်းပျပျနှင့် အို... သည်တစ်ခါ လောက် ကျော်ဆွေဦး ပစ်စလက်ခတ် ဖရိုဖရဲနိုင်လှသည် ကို ဘယ်တုန်းကမှ မူမူ မတွေ့ဖူးခဲ့။ သူသိပ်ပြီး စိတ်ပင်ပန်း နေသလား။

*မရွှင်နွမ်း သခင်ပန်းပြီမေ– လေနန်းဆောင်ပြု*
*သာ–ခွေနွမ်းမျှော်ယောင်ကာ...*

'ဟုတ်ပါတယ်– သူ စိတ်နွမ်းနေပါတယ်။ သိပ်ကို စိတ်ထိခိုက်နေတယ်ထင်ပါရဲ့...'

*ဝေဆာမိုန်း– မတိမ်းငယ် မျှော်ပါယောင် အို...*
*မောင့်ကံငယ်– ဖြစ်ဟန်ကို...*

'ကံကိုသာ ယိုးမယ်ဖွဲ့ပြီး၊ ကံကိုသာ အဆိုးချနေသ လား မောင်လေးရယ်။ မမမူကိုတော့ အပြစ်မတင်တော့ ဘူးလား။ မုန်းရက်တဲ့ မမမူရယ်လို့လေ..."

သူ့စိတ်ထဲတွင် ဗလောင်ဆူနေသည်။ သို့သော် လည်း သူ၏ကြံ့ခိုင်သော စိတ်ဓာတ်သည် နှုတ်မှ အ ကြောင်းစုံကို ဖွင့်လှစ်ခွင့်မပေး။

*ရွှေကို နန်းသူမယ်–အို... ပူတယ်ချည့်သာလေ...*

'မဆိုပါနဲ့တော့ မောင်ကျော်ဦးရယ်... ရှေ့ဆက်မဆို ပါနဲ့တော့။ မမမူ ရူးအောင်မလုပ်ချင်ပါနဲ့တော့။ ဒီလို အနု နည်းတွေနဲ့တော့ မမမူကို မညှင်းဆဲချင်ပါနဲ့ကွယ်။ ခေါ်ချင် ရင် 'အမုန်း'–'အမုန်း' ဒီလိုပဲ ခေါ်လိုက်ပါတော့။ မမမူ အသည်းကွဲချင်ကွဲသွားပါစေ အမုန်းလို့သာ ခေါ်ပါတော့ ကွယ်'

ကျော်ဆွေဦးသည် အတွေးမျိုးစုံဖြင့် တုန်လှုပ်ချောက် ချားနေသော သူ့ထံ လှမ်းလာရန်အားယူလိုက်သည်။ ခေါင်းရိပ်သည် လှုပ်ရှားသွားရာ ငွေလမင်းသည် ပြုံးစေ့စေ့ နှင့် သူ့ကို မျက်နှာချင်းဆိုင်လိုက်သည်။ လှောင်ရက်ပေ့ စန္ဒာရယ်...။

မူမူ ငွေလရောင်ကြောင့် တွန့်ခနဲဖြစ်သွားကာ မျက်စိ ကို ဖွင့်လိုက်မိသည်။ တကယ်ပင် ငွေလရောင်သည် မှန်ပြတင်းကိုဖောက်ကာ သူ့မျက်နှာပေါ်သို့ တည့်တည့် ထိုးကျနေသည်။ သူ ပင့်သက်ရှူလိုက်မိသည်။ 'ဩော် အိပ်မက်– ငါ့နှယ် အိပ်မက်ထဲမှာတောင် ချစ်တာကို ဖွင့် မပြောနိုင်ပါကလား...'

သို့သော် မူမူ ကြာရှည်တွေး၍ ဆွေးနေချိန်မရ။ တေး သံနှင့် တယောသံမှာ သူတကယ်ပင် ကြားနေရသည်။ 'အို... တယ်ဆန်းပါကလား၊ ငါနိုးမှ နိုးရဲ့လား' သူမျက်စိကို ပွတ်ကြည့်မိသည်။

*ပန်းဘွေမှာ– မှိုင်မိယောင်– ဆောင်ဆောင်ဦး*
*ငယ်မှာ– အို... ကံသာ ညည်းဆိုမိယောင်...*

'ဟုတ်ပါတယ်– ငါနိုးနေပါပြီ။ တကယ်ပဲ တေးသံ ကြားနေရပါလား' သူ ဘေးသို့စောင်းလိုက်သည်။

'အို'... အနိုင်ကား မရှိတော့ချေ။ လျှပ်တစ်ပြက်အ

တွင်း မူမူ အခိပ္ပာယ်အလုံးစုံကို နားလည်လိုက်သည်။ အဖြစ်အပျက်အမှန်ကို မြင်ပြီးဖြစ်သွားသည်။

"မဖြစ်သေးပါဘူး လိုက်ဦးမှ..."

သူ အိပ်ရာမှ လူးလဲထသည်။ နောက် စေ့ထားသော တံခါးရွက်ကြားမှ အလင်းရောင်အနည်းငယ် ထွက်နေသည်။

*မြောက်တောင် ဘယ်ဆီ–သိတတ် နိုင်ပြီ– တိမ်နီတက်ဆင်းလို့– ပိုးတဝင်းဝင်း...*

မူမူသည် ခပ်သွက်သွက်ပင် လျှောက်လာသည်။ သူ့ရင်မှာ တဒိတ်ဒိတ်ခုန်နေသည်။ အဘယ်ကြောင့်ဟူ၍ကား မူမူမသိ။ အနိုင့်အတွက် စိုးရိမ်မှုပဲလား သို့မဟုတ် အိပ်မက်၏ ဂယက်လှိုင်းပဲလား...။

*အသွင်ငယ် လေပြည်ဆော်– ရွှေကိုယ်နော်– ပန်းပြီလေခင်...*

သူ ပို၍ မြန်မြန်လျှောက်သည်။ တေးသံနှင့် တယောသံမှာ နီး၍နီး၍လာသည်။ 'နို့– နေပါဦး။ ဟိုရောက်တော့ ငါ ဘယ်လိုပြောပြီး ဘာလုပ်မှာတဲ့လဲ' သူသွားသာသွားသည်၊ ဘာလုပ်မည်ဟူ၍ ရည်ရွယ်ချက် တိတိကျကျမရှိ။ သို့သော် သွားသည်။ မူမူ သွားမြဲသွားနေသည်။

"ဘယ်လဲ မူမူ"

သူ့ရှေ့မှ ရုတ်တရက် ကာဆီးလိုက်သောသူကို မူမူ ရပ်လိုက်ရာမှ ဒေါသထွက်စွာ မော့ကြည့်မိသည်။

"ဟင် ကိုအောင်လင်း..."

သူ့ဒေါသများ ရုတ်ခြည်းပြေသွားသည်။ ကိုအောင်လင်းထွက်လာသော တံခါးမှ လရောင်သည် ကိုအောင်လင်း၏ ညှိုးရော်သော ပုံပန်းကို ဝိုးဝါးမျှ မြင်သာစေသည်။

"အနိုင် ဟိုမှာရှိတယ် မူမူ။ ဘာမှမဖြစ်နိုင်ဘူး မစိုးရိမ်ပါနဲ့"

သို့သော် သူ့အသံမှာ တုန်တုန်ယင်ယင် နိုင်လှသည်ကို မူမူ သတိထားမိသည်။

"မောင်ကျော်ဦး သီချင်းဆိုစကတည်းက အနိုင်ရောက်လာတယ်။ သူ့ခမျာ အိပ်မပျော်ရှာဘူး ထင်ပါရဲ့ဗျာ"

ကိုအောင်လင်း၏အသံမှာ ချစ်သူ တခြားယောကျ်ားပျိုတစ်ယောက်အခန်းသို့ အချိန်မတော်လာသဖြင့် စိတ်ပင်ပန်းခြင်းထက် ကြင်နာခြင်းက ပိုကဲနေသည်။ မူမူသူ့ကို မျက်လုံးစွေကြည့်သည်။ "ကျွန်လည်း အိပ်ပျော်သွားရာက အိပ်မက်...' မူမူအိပ်မက်ကို သတိရကာ ပြတ်တောင်းတောင်း ဖြစ်သွားသည်။ "အိပ်မက်– မက်ပြီး နိုးလာမှ သူ့ကို မတွေ့လို့ ထလာတာပဲ"

"ကျုပ်တော့ လုံးလုံးကို အိပ်မပျော်သေးဘူး၊ အနိုင်လာတာ သိသားပဲ"

ကိုအောင်လင်းက လေးဆေးစွာပြောလေသည်။

"အို... ဖြစ်ရလေ ကိုအောင်လင်းရယ်။ ဒါနဲ့များ တောင် မတားလိုက်ဘူး"

မူမူက တအံ့တသြဆိုလိုက်သော်လည်း ကိုအောင်လင်းကား ဘာမျှပြန်မဖြေ။

"ကဲ... ကိုအောင်လင်းကြည့်နေနိုင်ပေမဲ့ ကျွန်မမနေနိုင်ဘူး သွားခေါ်ရလိမ့်မယ်"

"အို... မူမူ"

ခြေအလှမ်းလိုက်တွင် ဖြုန်းခနဲ ရှေ့မှဆီးကာ ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သော ကိုအောင်လင်းကြောင့် မူမူ တွန့်သွားရပြန်သည်။ ကိုအောင်လင်းသည် အောက်နှုတ်ခမ်းကို မသိမသာကိုက်ရာမှ...

"ကျုပ် တောင်းပန်တယ်မူမူ၊ မသွားပါနဲ့။ ဘာမှမဖြစ်ရအောင် ကျုပ်တာဝန်ခံပါတယ်။ ပြန်သွားပါ မူမူ၊ ကိုယ့်အခန်းကို ပြန်သွားစမ်းပါ" မူမူပခုံးကိုတွန်းကာ ပြန်သွားခိုင်းနေသည်။

မူမူသည် ပခုံးပေါ်မှ ကိုအောင်လင်း၏ လက်များကို အသာဖယ်ရှားရင်း...

"ကိုအောင်လင်းကို ကျွန်မတွေးလို့မရပါဘူး" ဟု ညည်းညူလိုက်သည်။ ကိုအောင်လင်းကား ပင့်သက်ကိုသာ ရှူလိုက်လေသည်။

"ကိုအောင်လည်း အနိုင့်ကိုချစ်တယ်ဆိုတာ ဒီလိုတော့လည်း ကြည့်နေနိုင်သားပဲ။ ကျွန်မ ကိုအောင်လင်းကို သိပ်အပြစ်တင်..."

မူမူ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ သူပြောရင်းက မော်ကြည့်လိုက်သည်တွင်မြင်ရသော ကိုအောင်လင်း၏ မျက်နှာအနေမှာ ရင်တွင်းမှ ခံစားရသော ဝေဒနာနှင့် စိတ်ရင်းစေတနာကို အထင်းသား ဖော်ပြနေသည် ဖြစ်ရကား မူမူ ရှင်းလင်းစွာ နားလည်သွားတော့သည်။ သူ့ရှေ့သို့ ဆက်မပြောရက်တော့ချေ။ "သြော်... ကိုအောင်လင်း

အနိုင့်ကို အသက်ပေးပြီးချစ်ကြောင်း ပြခဲ့မယ်ပေါ့"

"ကျွန်မ တစ်ခုပြောမယ် ကိုအောင်လင်း။ ဒီနေရာမှာ ကိုအောင်လင်း လမ်းလွဲနေပြီလို့ ကျွန်မဆိုချင်တယ်" မူမူသည် ပြောရင်း မော်ကြည့်လိုက်သည်။ ကိုအောင်လင်းကား မဲ့ပြုံးပြုံးကာ အသံမထွက်ဘဲ ရယ်လိုက်လေသည်။

"သူတို့နှစ်ယောက် ချစ်နေကြတယ်လို့ ကိုအောင်လင်းက ထင်တယ်မဟုတ်လား။ အဲဒါ မှားတယ်။ သေသေချာချာကို မှားတယ်။ သူတို့နှစ်ယောက် ချစ်မနေကြဘူး"

"သူတို့ ချစ်မနေကြဘူး"ဟု တိုးတိုးပဲ့တင်ထပ်လိုက်ပြီးမှ ခေါင်းကိုယမ်းကာ

"ဟုတ်ပါ့မလား မူမူ၊ ကျုပ်တော့ သေသေချာချာ ယုံကြည်နေတာပဲ။ အနိုင် မောင်ကျော်ဦးကို စွဲလမ်းနေတာဟာ သိသာနေတာပဲ။ မောင်ကျော်ဦးကလည်း အနိုင့်လို မိန်းကလေးတစ်ယောက်ကို မချစ်ဘဲနေနိုင်မယ် မဟုတ်ဘူး မူမူ"ဟု တစ်လုံးချင်း လေးဆေးစွာ ပြောနေလေသည်။

"အနိုင်က မောင်ကျော်ဦးကို စွဲလမ်းနေတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူစွဲလန်းတဲ့ အစွဲလမ်းတစ်မျိုးက မောင်ကျော်ဦးရဲ့ ချောမောလှပတဲ့ ရုပ်ရည်၊ ကဗျာကလေးတွေနဲ့ တယောသံတွေကို အမှီပြုနေတဲ့ အပေါ်ယံ စွဲလမ်းမှုမျိုးပါ။ သားရေရုပ်နဲ့ ကစားရာက ကြွေရုပ်မြင်တော့ လိုချင်တဲ့ ကလေးရဲ့ စွဲလမ်းမှုမျိုးပါပဲ။ ကြွေရုပ်ကွဲသွားတော့လည်း သားရေရုပ်နဲ့ပဲ ပြန်ကစားမှာ..."

ကိုအောင်လင်းသည် ငြိမ်သက်စွာ နားစိုက်ရင်း မူမူ့စကားများကို သုံးသပ်ကြည့်မိသည်။

"မောင်ကျော်ဦးကတော့ အနိုင့်ကို ရိုးရိုးတန်းတန်း ခင်တာပါ ကျွန်မသိပါတယ်"

မူမူ၏အသံမှာ လေးလေးနက်နက်ရှိလှသဖြင့် ကိုအောင်လင်းပင် စူးစမ်းသလို ကြည့်မိသည်။

"ဟုတ်ရဲ့လား မူမူ၊ ကျုပ်တော့ မယုံနိုင်အောင်ဘဲ။ ကျုပ် စိတ်သက်သာအောင်များ မူမူ တမင်ပြောနေတာလား"

ကိုအောင်လင်းမှာ ယခုတိုင် စိတ်ချလက်ချ မယုံကြည်နိုင်သေးသကဲ့သို့ စောဒကတက်နေပြန်သည်။

"လောကကြီးမှာ လူတွေဟာ ချောတိုင်းလည်း မချစ်ဘူး၊ ငယ်တိုင်းလည်း မကြိုက်ဘူး။ လူအရုပ်ရုပ် နတ်အထွေထွေဆိုသလို စိတ်အမျိုးမျိုး ရှိကြတော့။ တစ်ယောက်မကြိုက်တာကို တစ်ယောက်က အသေအလဲ ကြိုက်ချင်ရင် ကြိုက်နေတတ်တာပဲ။ အထူးသဖြင့် မောင်ကျော်ဦးတို့လို လူမျိုးတွေက သာဆန်းသေးတယ်။ လူများလုပ်ရိုးဖြစ်ရိုး၊ လုပ်စဉ်ဖြစ်စဉ်တွေနဲ့မတူဘဲ တစ်မျိုးတွေးပြီး တစ်မျိုးလုပ်ချင်တဲ့လူစား၊ ကျွန်မတော့ ယုံကြည်တယ်လေ မောင်ကျော်ဦးဟာ အနိုင့်ကို ရိုးရိုးပဲ ချစ်တယ်လို့"

ကိုအောင်လင်း၏ မျက်နှာတွင် ကောင်းစွာဝေခွဲ၍ မရသေးသောအမူအရာ ရှိသေးသော်လည်း အနည်းငယ် လင်းရောင်ခြည်ကလေး သမ်းလာလေပြီ။ သူသည် မူမူ့စကားများကို တစိမ့်စိမ့်တွေးရင်း မူမူ့ကို ငေးကြည့်နေသည်။ မူမူကား လရောင်ကျနေသော ကြမ်းပြင်ကိုသာ စိုက်ငုံ့ကြည့်နေသည်။

"ဒါပေမဲ့ဗျာ..." အတန်ကြာမှ ကိုအောင်လင်းက တစ်ဝက်တစ်ပျက်ညည်းလိုက်ရာ...

"ဒါပေမဲ့မနေနဲ့ ကိုအောင်လင်း၊ ဒီကိစ္စကို ကျွန်မ တာဝန်ထား။ ကိုအောင်လင်း စိတ်ချမ်းသာရပါစေမယ်" မူမူသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီးမှ မော့ကြည့်လျက် "ကျွန်မ အာမခံတယ်"

"အဟုတ်လား မူမူ၊ ကျုပ်ဝမ်းသာလိုက်တော့မယ် နော်။ အို– ကျုပ်တော့ ခင်ဗျားကိုတောင် မယုံနိုင်အောင်ပဲ"

ကိုအောင်လင်းက မယုံနိုင်အောင် ဖြစ်သည်ဟု ဆိုငြားသော်လည်း သူ့အသံမှာ ဝမ်းသာသောတုန်ယင်ခြင်းဖြင့် မပီမသ ဖြစ်နေသည်။

"မူမူ... မူမူ" သူအမှတ်မဲ့ရွတ်ဆိုနေမိသည်။ အမှန်မှာ သူမူမူ့ကို ကျေးဇူးတွေ အထူးတလည်တင်နေမိခြင်းပင် ဖြစ်သည်။ သို့သော် သူသာ မူမူ့ကို လရောင်အောက်သို့ ဆွဲခေါ်၍ မျက်နှာကို သေသေချာချာ ကြည့်လိုက်မိပါမူ ဝေ့ရာမှ ဝန်းဝိုက်ကာ ယိုကျလုဆဲ တောက်ပြောင်သော မျက်ရည်များကို မျက်လုံးအပြည့် တွေ့ရမည်ဖြစ်ပေသည်။

"စိတ်ချပါ ကိုအောင်လင်း" မူမူ စိတ်ကိုတင်း၍ တိုတိုပင်ပြောပြီး ချာခနဲလှည့်ကာ ခပ်သုတ်သုတ်ပြန်ခဲ့သည်။ ကိုအောင်လင်းကား မူမူသွားရာ မှောင်ထဲသို့လိုက်၍ ကြည့်နေရာမှ မူမူ ပျောက်သွားလျှင် ကျော်ဆွေဦးအခန်းအနီးသို့ အသာကလေး ကပ်သွားလေသည်။

* * *

*လွမ်းလေအောင်… ဖိုးခေါင်သံဆင့်တယ်…ကျူး လာရင့်ကြွေး…*

*ညိုဦးငယ်လွင်… မြမြင်တင်–တောင်နန်းက ထုံ ပန်းလွင့်မွှေး…*

ကျော်ဆွေဦးသည် တယောကို မျှင်းရာမှ ညက်ညက် ကလေး သပ်လိုက်သည်။

"ဟင်– အနိုင်"

လမင်းနှင့် မျက်နှာချင်းဆိုင်ရာမှ သည်ဘက်သို့ လှည့်လိုက်လျှင် လှည့်လိုက်ချင်း သူတအံ့တသြဆိုလိုက်မိ၏။ အနိုင်ကား တံခါးပေါက်ဘေး နံရံတွင် ကျောကပ်ကာ ခပ်နွဲ့နွဲ့ ရပ်နေသည်။ သူ့မျက်လုံးများသည် ကျော်ဆွေဦး ကို စိုက်ကြည့်နေဟန်ရှိသော်လည်း တကယ့်စူးစိုက်မှုမရှိ။ အဝေးသို့ ပျံ့လွင့်နေသယောင် ဖြစ်နေသည်ကို လရောင် ဝယ် အတိုင်းသားမြင်နေရသည်။

"အနိုင် ဘယ်တုန်းက ရောက်နေသလဲ"

သူ စောစောက လောကကြီးကို မေ့နေသဖြင့် အနိုင် လာသည်ကို မသိလိုက်သော ကျော်ဆွေဦးက လေးတွဲ့စွာ မေးလိုက်၏။ အနိုင်သည် မဖြေ။ ကျော်ဆွေဦး၏ လ ရောင်ကို ကျောပေးထားသဖြင့် မှောင်ရိပ်ကျနေသော မျက် နှာကိုသာ တွေတွေကြီးကြည့်ရာမှ လျော့ရဲရဲနှင့် ပြုံးလိုက် လေသည်။ သက်ပြင်းချကာ ကျော်ဆွေဦးသည် တယော နှင့်ဘိုးကို ပြတင်းအနီးရှိသော စားပွဲပေါ်သို့တင်လိုက်ပြီး အနိုင့်အနီးသို့ တရွေ့ရွေ့ကပ်လာသည်။ ကျော်ဆွေဦးစိတ် ဝယ် စိုးရိမ်မှုကလေးတွေ ယှက်သန်းလျက်ရှိ၏။

အနိုင်ကား သူ့ကို ရင်ဖိုသလို ကြည့်နေသည်။

"အနိုင်"

သူသည် အနိုင့်ပခုံးကို ညင်သာစွာ ကိုင်လိုက်၏။ လှုပ်ခနဲ တုန်သွားရာမှ အနိုင် သူ့ကိုမျက်လုံးလှန်ကာ ကြည့်လိုက်သည်။ သူ့အကြည့်မှာ ညွတ်နူးနေသော အ ကြည့်၊ လှမ်းလင့်နေသောအကြည့်၊ သို့သော် ထိတ်လန့် စိုးရိမ်မှု၊ ရင်မဆိုင်တတ်မှု၊ မဝံ့မရဲကလေးတွေပါနေသည်။

"အနိုင် ဒီအချိန် ဒီကိုလာတာ မတော်ဘူးထင် တယ်"

အနိုင် လှုပ်ခနဲ တုန်သွားပြန်သည်။ သို့သော် စော စောက လှုပ်ရှားမှုမျိုးကားမဟုတ်။ အသည်းထဲမှ မျက်ခနဲ နာသွားသောဒဏ်ကို ကြံ့ကြံ့မခံနိုင်သည့် တုန်လှုပ်ခြင်းမျိုး။

"အနိုင်တို့၊ ကိုကျော်ဦးတို့က ရိုးရိုးတန်းတန်း ဂီတ နဲ့ပတ်သက်တဲ့ ခင်မင်မှုပေမဲ့ လူကြီးတွေက တစ်မျိုးတစ် မည်ထင်မှာ စိုးရတယ်"

အနိုင်သည် နံရံမှ ကျောကိုခွာကာ မတ်မတ်ရပ် လိုက်ပြီး ကျော်ဆွေဦးကို စေ့စေ့ကြည့်သည်။ သို့သော် မျက်ရည်များ ဝေနေသဖြင့် သဲကွဲစွာ မမြင်ရ။ တဆတ် ဆတ်တုန်နေသော နှုတ်ခမ်းကို တင်းကျပ်စွာပိတ်ကာ လည်ချောင်းထဲတွင် တစ်ဆို့နေသောအလုံးကို အတင်းမျို ချ၏။ ကျော်ဆွေဦးကား ဤအရာများကို သတိမပြုနိုင်၊ ဂရုမစိုက်အား။ သူ့ကိုအထင်လွဲမှာ စိုးရိမ်နေသည်။ အထူး သဖြင့် မမမူအတွက် ပိုမို၍ကြောင့်ကျမိသည်။ သူသည် မျက်ခုံးများကို မသိမသာတွန့်ကာ–

"ဒီမှာအနိုင် ကိုကျော်ဦးပြောတာ ကြားလား…၊ အနိုင် ပြန်ရင်ကောင်းမယ်။ တော်တော်ကြာ လူကြီးတစ် ယောက်ယောက် နိုးလာမှ…"

ပခုံးကိုကိုင်ထားသော လက်ကို ဆတ်ခနဲပုတ်ချပြီး ချာခနဲ ထွက်သွားသော အနိုင်ကိုကြည့်ပြီး ကြက်သေသေ ကျန်ရစ်ရာမှ စိတ်ညစ်သောအမူအရာနှင့် ဆံပင်ကောက် များထဲသို့ လက်ထိုးကာ အားရပါးရ ဖွလိုက်မိသည်။

"ဒုက္ခပါပဲဗျာ…"

ကျော်ဆွေဦး၏အသံသည် မစေ့တစေ့ တံခါးကြားမှ အပြင်သို့ ပျံ့လွင့်လာသည်။ အနိုင် တန့်ခနဲဖြစ်သွားကာ အံကြိတ်၍ ပြန်အလှည့် တစ်စုံတစ်ယောက်သည် သူ့ရှေ့ မှောင်ထဲမှနေ၍ တားဆီးလိုက်သည်။

"ဟင် …. ကိုကိုလင်း"

နောက် သူ ကိုအောင်လင်းကို ပြန်ဖက်၍ ရင်ဘတ် ကျယ်ကြီးတွင် မျက်နှာအပ်ကာ ရှိုက်၍ရှိုက်၍ ငိုတော့၏။ စောစောက ချုပ်တည်းခဲ့ရသမျှသည် ယခုကဲ့သို့ သူ့ကို ခြွင်းချက်မရှိ အလိုလိုက်၍ သူကိုယ်တိုင်က တော်တော်ပင် ချစ်ခဲ့သူ သူ့ကိုကိုလင်းက တယုတယ ပွေ့ဖက်လိုက်သည့် အခါ ပေါက်ကွဲ၍ ထွက်လာတော့သည်။

"မငိုပါနဲ့ အနိုင်ရယ်"

ကိုအောင်လင်းက အနိုင့်ကျောကို ပွတ်သပ်ကာ ချော့လေရာတွင် အနိုင်မှာပို၍ ငိုလာလေတော့သည်။

"ဟော ဒေါ်လေး နိုးသွားလိမ့်မယ်။ တိတ်– အနိုင် တိတ်၊ ကိုကိုလင်းကိုချစ်ရင် တိတ်ကွယ်…"

သူသည် ဤအခိုက်အတန့်တွင် အနိုင့်စိတ်ကို အထိဆုံးဖြစ်သည့်စကားကို သုံးလိုက်၏။ အမှန်မှာ တံခါးကြားမှနေ၍ အနိုင်နှင့် ကျော်ဆွေဦးတို့အဖြစ်ကို အကုန်အစင် မြင်တွေ့လိုက်ရသော်လည်း ဤသို့သောအခါဝယ် ဤစကားမျိုးဖြင့် နှစ်သိမ့်စေကာ သူ့ဘက်သို့ ဆွဲယူရမည်ဟူသော အချက်ကိုမူကား စစ်ရေး၌သာ ကျင်လည်၍ ချစ်ရေး၌ စင်ကြယ်ရှာသေးသော ကိုအောင်လင်းသည် လုံးဝနားမလည်ခဲ့ချေ။ သူ့စိတ်ထဲတွင် ပထမဆုံးပေါ်၍ သူ့နှုတ်ဖျားဝယ် ရှေးဦးစွာ တွေ့ရှိသော စကားများကို ပြောချင်ချင်ရှိသည်နှင့် စေတနာအတိုင်း ပြောမိခြင်းသာ ဖြစ်သည်။

"ကိုကိုလင်းကို ချစ်ရင်တိတ်ကွယ်..."သို့သော်၊ အနိုင့်အဖို့ကား နှစ်သိမ့်ဆေးကလေးတစ်ခွက်။

အနိုင် အငိုရပ်သွားသည်။ မျက်ရည်ကို လက်နှစ်ဖက်နှင့်သုတ်ကာ တစ်ချက်ရှိုက်လိုက်ပြီး ကိုအောင်လင်းကို မော်ကြည့်သည်။ ဤအချိန်ဝယ် ကိုအောင်လင်း၏ မျက်လုံးများမှာ ချစ်ရည်လွှဲရွှန်း၍ တောက်ပနေပေသည်။ အနိုင် အငိုရပ်သွားသည်ကို သူဝမ်းသာသည်။

"အနိုင် လာ..."

သူ အနိုင့်ပခုံးကို ဖက်ကာပင် ခေါ်လာသည်။ သူ့အခန်းထောင့်ရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်၌ ထိုင်မိကြလျှင် အနိုင်သည် ကိုအောင်လင်း၏ ရင်ဘတ်ကိုမှီရင်း...

"မေမေ့ကို သွားမပြောနဲ့နော်"ဟု တားမြစ်လိုက်၏။

ကိုအောင်လင်းကပြုံးကာ သူ့လက်မောင်းကိုညှစ်ပြီး...

"အမယ်လေးဗျာ၊ စိတ်ချပါ မပြောပါဘူး"ဟု ခပ်နောက်နောက် ဆိုလိုက်သည်။

သူ့မှာ ပျော်စပြုနေပြီဖြစ်သည်။ အနိုင်က သူ့ကို ချစ်နိုင်သည်၊ မချစ်နိုင်သည် အပထား။ အနိုင် အငိုတိတ်အောင် လုပ်နိုင်သည်နှင့်ပင် သူပျော်နေမိသည်။ ကိုအောင်လင်း၏ စေတနာကား ဤသို့။ အနိုင်ကမူ ကျော်ဆွေဦးက သူ့ကို ပြန်သွားရန်ပြော၍ ရှက်နာနာနှင့် ထွက်လာရာတွင် ကိုအောင်လင်းက ဆီးကြိုနှစ်သိမ့်လိုက်လေသဖြင့် အခိုက်အတန့်အားဖြင့် ကိုအောင်လင်းကို အတော်သဘောကျသွားမိသည်။ သူအရေးမစိုက်ကော ဘာမှုရမှာလဲ၊ ကိုကိုလင်းတစ်ယောက်လုံး ရှိသေးတာပဲ။

အနိုင်တို့ကဲ့သို့ ငယ်ငယ်ရွယ်ရွယ် စိတ်ကလေးနုနုမှာ သွေးပူမိလျှင် ထင်ရာလုပ်တတ်သည်။ တစ်ယောက်နှင့် အခန့်မသင့်လျှင် တစ်ယောက်ကို ပိုမိုခင်တွယ်ချင်လာတတ်သည်။ သူမချစ်ကော ဘာအရေးလဲ၊ ဒီမှာတစ်ယောက်ရှိပါသေးတယ်ဟု မိုက်ချင်ကြသည်။ ကျိုးကြောင်း သင့်မသင့်၊ ရာမရာ မချိန်ဆ၊ လွတ်လပ်စွာ စိတ်ကိုထားသည်။ လှုပ်ရှားလွယ်သည်။ လှိုင်းအထတွင်မြင့်၍ လှိုင်းအကျတွင် ပြန်နိမ့်သွားတတ်သည်။ ပျော့တတ်သည်၊ မတည်ငြိမ်။

စင်စစ် သူကိုအောင်လင်းကို အစ်ကိုတစ်ယောက်ပမာ ချစ်နေသော်လည်း ဘာကြောင့်ဟူ၍မသိ ကျော်ဆွေဦးနှင့် ပြိုင်ဘက်သဘောမျိုး ထားလိုက်မိလေသည်။ ယခုမှပင် ကိုအောင်လင်း၏ သူ့အပေါ် ကြင်နာယုယပုံတွေကို ပြန်သတိရလာသည်။

"ဒေါ်လေးများ စောစောကလာလို့သိရင် အနိုင်တော့ အရိုက်ခံရမှာ ဆရာ"

ကိုအောင်လင်းက စလိုက်ပြန်သည်။ အနိုင်မဲ့တဲ့တဲ့ကလေးဖြစ်သွားပြီး သူ့လည်ပင်းကို လှမ်းဖက်လိုက်သည်။

"ကွယ်... ကိုကိုလင်းကလည်း အနိုင်ငိုလိုက်လိမ့်မယ်"ဟု ခါတိုင်းအသံမျိုးနှင့် နွဲ့သည်။ နောက် ဟိုတလောက သူကျော်ဆွေဦးအခန်းမှအပြန်တွင် သူ့မေမေ လှမ်းခေါ်သည်ကို သတိရသည်။

"ဒါနဲ့ ကိုကိုလင်း ဟိုတစ်ခါ အနိုင် သူ့အခန်းက ပြန်လာတုန်းက မေမေလှမ်းခေါ်တာ ဆူမလို့ပေါ့၊ ဟုတ်လား။ ကိုကိုလင်း ဖြတ်ပြောလိုက်လို့ မဆူတာနော်"

သူ အတိတ်ကို ပြန်သတိရကာ ပြောမိသည်။ ကိုအောင်လင်းကားမဖြေ၊ သူ့ကိုသာ ကြည့်နေသည်။

"ဟင်... ဟုတ်တယ် မဟုတ်လားလို့"

စိတ်မရှည်သလို လည်ပင်းကို တင်းတင်းကလေး ညှစ်လိုက်သည်။ ကိုအောင်လင်းသည် ရယ်ရင်း သူ့လက်နှစ်ဖက်ကို ဖြုတ်ကာ...

"ဒီလိုတော့လည်း သိသားနဲ့"ဟု ဆိုသည်။ အနိုင်သည် ဘာကြောင့် ကိုကိုလင်းက သူ့ကို ဤမျှလောက်ကာကွယ်နေသည်ကို တွေးနေသည်။ ဟိုနေ့ကတည်းကပင် တွေးသည်။ သို့သော် ပေါ်လုလု ပေါ်လုလုနှင့် ဝေ့လည်လည် ဖြစ်၍ဖြစ်၍ သွားတော့သည်။

"အနိုင်လေ ကိုကိုလင်းကို သိပ်ရက်စက်တာပဲ"

အနိုင် နှုတ်ခမ်းစူသွားသည်ကို လရောင်တွင် မြင်လိုက်ရသည်။

"ကိုကိုလင်း ကြားဖူးတဲ့ ပုံလေးတစ်ပုံ ပြောပြမယ် နော်..." စစ်ဗိုလ်ကြီးမှာ ယခုမှ ကဗျာဆန်နေပြန်သည်။

အနိုင်သည် ပြုံးလာကာ ခေါင်းကိုခပ်မြန်မြန်ညိတ်လိုက်လေ၏။ ကလေးဆိုသည်မှာ ပုံကြိုက်တတ်သည်။

"ရှေးရှေးတုန်းကတဲ့... ဟာ... ရှေးရှေးတုန်းက မဟုတ်ပါဘူးလေ"

အနိုင်သည် ခုတစ်မျိုး ခုတစ်မျိုးပြောနေသော ကိုအောင်လင်းကို မျက်စောင်းထိုးလိုက်သည်။ ကိုအောင်လင်းကမူ သဘောကျစွာ ရယ်လိုက်လေသည်။

"ဟား...ဟား...ဒီလိုပါလေ... ရှေးရှေးတုန်းကလည်း ဟုတ်တယ်၊ ခုလည်း ဖြစ်နေတုန်းပဲမို့ ကိုကိုလင်းက ပြောတာပါ။ နေမင်းကြီးနဲ့ လမင်းကြီး ရှိတယ်တဲ့"

အနိုင်သည် ပြတင်းမှန်လေးထောင့်ကွက်ထဲမှ မြင်နေသော ဖိုးလမင်း ဝိုင်းစက်စက်ကို မော့ကြည့်လိုက်သည်။

"နေမင်းကြီးဟာ မနက်ဆည်းဆာဆိုတဲ့ ရောင်နီကလေး ဖြာချိန်မှာ လူတွေကို ထကြတော့ဟေ့လို့ နှိုးတယ်၊ အဲဒီလို နှိုးလိုက်ရင်ပဲ ဘကြီးဟာ အိပ်ရာကထ မျက်နှာသစ်ပြီး ကြေးစည်ကလေး တဝေဝေနဲ့ ဘုရားရှိခိုးတယ်တဲ့။ မေမေကတော့ နောက်ဖေးမှာ ရေနွေးအိုးတို့၊ ဆွမ်းတော်ကပ်ဖို့ ဆွမ်းအိုးတို့တည်လို့၊ မောင်ကြီးကတော့ စာအုပ်တွေကြားမှာ စာကျက်တယ်၊ ညီမကလေးဆိုရင် အိမ်ဘေးခရေပင်ကြီးအောက်မှာ ခရေပန်းကလေးတွေ ကောက်နေတယ်တဲ့။

"နေကလေး နည်းနည်းမြင့်လာတော့ ဘကြီးက စာဖတ်ပြီး မေမေက ကျောင်းသွားမယ့် မောင်ကြီးကို ထမင်းကျွေးတယ်။ ညီမလေးက ခရေပန်းတွေကုံးပြီး ဘုရားမှာ လှူတယ်။ နောက် မောင်ကြီးကျောင်းသွားတော့ မေမေနဲ့ ညီမလေးဟာ အဝတ်တွေ လျှော်ဖွပ်ပြီး လှမ်းတယ်။ အဲဒီအခါမှာ နေမင်းကြီးက ခြောက်အောင်လုပ်ပေးတယ်တဲ့"

အနိုင်သည် ကိုအောင်လင်းကို လှည့်ကြည့်ပြီး "နေမင်းကြီးက သိပ်ပြီးကူညီတာပဲနော်' ဟု ဆိုသည်။

ကိုအောင်လင်းကလည်း ခေါင်းကိုညိတ်ရင်း...

"အေးပေါ့၊ ဒါနဲ့ နေမင်းကြီးဟာ ဖွင့်ထားတဲ့ မေမေတို့ အိမ်ပြတင်းပေါက်ကဝင်ပြီး အိမ်ထဲမှာ ပိုးမွှားတွေ မနေနိုင်အောင် လုပ်ပေးတယ်။ မေမေတို့ခြံထဲက ပန်းတွေကို ကြွားကြွားရွှားရွှား ပွင့်စေတယ်။ သစ်သီးတွေကို မှည့်စေတယ်။ အိမ်ရှေ့က လမ်းကလေးကို ခြောက်ခြောက်သွေ့သွေ့ဖြစ်အောင် လုပ်ပေးတယ်။ ညနေဘက်ကျတော့ မောင်ကြီးလည်း ကျောင်းကပြန်လာပြီး ညီမလေးနဲ့ လမ်းလျှောက်ကြတယ်။ မေမေဟာ သူတို့မောင်နှမကိုရော၊ ဘကြီးကိုရော နေမင်းရဲ့အရောင်အောက်မှာသာ အပြင်ဘက်ကိုသွားဖို့လာဖို့ စိတ်ချတယ်။ နေမင်းရဲ့အရောင် ကွယ်သွားပလားဆိုရင် ညီမလေးဖြင့် အောက်တောင်မဆင်းရတော့ဘူး"

"မေမေတို့ မမမူတို့လိုပေါ့" ဟု အနိုင်က ထောက်ခံသည်။

"အဲဒီလိုနဲ့ နေမင်းကြီး ဝင်ပလားဆို မေမေက ဘုရားရေချမ်း၊ ဆီမီးကပ်၊ ဘကြီးက ပုတီးတစ်ကုံးနဲ့ တဂျောက်ဂျောက်စိပ်နေပြီး၊ မောင်ကြီးကတော့ တကုန်းကုန်းနဲ့ စာကျက်နေတာပေါ့။ အဲဒီအချိန်မှာ လမင်းကြီးထွက်လာတာပဲ"

ကိုအောင်လင်းသည် အနည်းငယ်နားကာ လမင်းကြီးကို မော်ကြည့်သည်။

"ကဲပါ၊ ပြောပါ၊ လမင်းကြီးထွက်လာတော့ ဘာဖြစ်သလဲ" အနိုင်က သူ့လက်မောင်းကိုလှုပ်ကာ မေးသည်။

ကိုအောင်လင်းသည် ဘာမှမပြောသေးဘဲ အနိုင်ကို တည်ငြိမ်စွာ ကြည့်နေပြီးမှ...

"လမင်းကြီး ထွက်လာတော့ ခုလိုပေါ့၊ ပြတင်းပေါက်က ကျော်ဝင်လာပြီး မေမေဘုရားရှိခိုးတာကို နှောင့်ယှက်တာပေါ့။ မေမေဟာ သွားလေသူ ဖေဖေ့ကို သတိရပြီး ဘုရားအာရုံပျက်သွားတယ်။ ဘကြီးကလည်း လက်ကသာ ပုတီးစိပ်နေရတယ် စိတ်ကတော့ ငယ်စဉ်က သူ့လွန်လေတဲ့ ဇနီးသည်နဲ့ ပျော်ခဲ့ပုံတွေဆီ လွင့်လို့ပေါ့။ မောင်ကြီးဟာလည်း စာအုပ်ကိုပိတ်ပြီး ပြတင်းကိုဖွင့်၊ သူ့ရင်ထဲမှာ ဟာတာတာဖြစ်လာတာနဲ့ တေးတစ်ပိုင်းတစ်စကို ညည်းမိတယ်တဲ့။ ညီမလေးဟာလည်း အိပ်ရာပေါ်မှာ ဟိုလိုမှ့ဒီလိုမှ့ တောင်တွေးမြောက်တွေးနဲ့ အိပ်မပျော်ဘဲ ကြောင်နေတယ်တဲ့ကွဲ့"

"ဟင် ဒါဖြင့် လမင်းကြီးက ပြုစားတတ်တာပေါ့ နော်"

ကိုအောင်လင်းက ပြုံး၍သာ အဖြေပေးလိုက်သည်။

"ဒါဖြင့် လမင်းဟာ အမြဲတမ်းသူတို့ကို အရောင်

ပြမနေဘဲ တဖြည်းဖြည်းအရောင်မှိန်မှိန် အဝန်းသေးသေး သွားပြီး နောက်တော့ လုံးလုံးပျောက်ကွယ်သွားတယ်တဲ့။ အဲဒီအခါမှာဆို သူတို့ဟာ လမင်းကြီးရဲ့ ညှို့ဓာတ်ဖမ်းစား မခံရလို့ ကောင်းကောင်းဘုရားရှိခိုး၊ ပုတီးစိပ်၊ စာကျက်၊ အိပ်နိုင်ကြတယ်။ နေမင်းကြီးကတော့ နေ့စဉ်နဲ့အမျှ နဂို မူမပျက် သူတို့ကို ကူညီမြဲ ကူညီနေတယ်။ တစ်ခါတလေ မိုးရာသီမို့ မိုးသားမြူတိမ်တွေ ညိုမည်းအုံ့ဆိုင်းနေတော တောင်မှ အတင်းထိုးထွက်ရှာသေးတယ်။ အားမတန်မှ မာန်လျှော့လိုက်ရရှာတယ်တဲ့။ ဒါပေမဲ့ စိတ်မကောင်းရှာ တော့ မျက်နှာညိုညိုနဲ့ပဲတဲ့"

အနိုင်က ဝါးခနဲ တစ်ချက်သမ်းလိုက်ပြီး ကိုအောင် လင်းပခုံးကို မှီလိုက်သည်။ မျက်လုံးများမှာ မှေးယောင် ယောင် ဖြစ်နေသည်။

"အနိုင် အိပ်ချင်ပြီလား"

အနိုင်သည် "အင်း"ဟု ညည်းညည်းညူညူ ဆို သည်။

"ပြီးပါတော့မယ်ကွယ်၊ ပြီးတော့ ကိုကိုလင်း အနိုင့် အခန်းကို လိုက်ပို့မယ်နော်"

အနိုင်က ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့ကွယ် လူတွေကတော့ နေမင်းကြီးရဲ့ စေတ နာတွေ၊ အပြုအမူတွေကိုသိပ်ပြီး အမှတ်တရမရှိလှဘူးတဲ့။ လမင်းကြီးကိုသာ အမျိုးမျိုး ချီးမွမ်းပြောဆိုတိုင်တည်ကြ ပြီး လမင်းကြီးများ ထွက်မလာရင် စောင့်ရမျှော်ရတာ မော လို့တဲ့။ သူတို့စိတ်ထဲမှာ လမင်းကြီးကိုသာ အချစ်ပိုနေကြ တယ်တဲ့ သိလား"

ကိုအောင်လင်းသည် အနိုင့်ကို အသာငုံ့ကြည့်လိုက် သည်။ အနိုင်ကား မျက်လုံးတစ်ဝက်ဖွင့်ကာ လမင်းကို ငေးကြည့်နေသည်။

"အနိုင် ပုံပြီးသွားပြီလေ၊ ပြန်မယ်မဟုတ်လား အိပ် ချင်ပြီဆို..."

အနိုင် မျက်လုံးကို ကျယ်ကျယ်ဖွင့်ကာ ကိုအောင် လင်းကို သေချာစွာကြည့်မိသည်။ သူ့ရင်ထဲတွင် တစ်မျိုး ဖြစ်နေသည်။ ဘာဟူ၍ အတိအကျအမည်မဖော်တတ် သော ဝေဒနာတစ်ခုကို ခံစားနေရသည်။ သနားသလို၊ နေ မင်းကြီးဘက်မှ မခံရပ်နိုင်သလို နေမင်းကြီးကိုပင် အားပေး ချင်သလို။ ဘယ်သူကမှ အရေးမလုပ်ချင်သည့် နေမင်းကြီး ကို အထူးတလည် အရေးပေးလိုက်ခြင်းဖြင့် သူများမလုပ် သည့်အလုပ်ကို လုပ်ပြကာ လူစွမ်းကောင်းဖြစ်လိုက်ချင်သ လိုလို၊ ကိုအောင်လင်း၏ ပုံပြင်ကလေးမှ နေမင်းကြီး၏ အဖြစ်သည် နုနယ်သော သူ၏နှလုံးသားကို ဂယက်ရိုက် နေသည်။ သူတွေနေရာမှ ကိုအောင်လင်းကို မကြည့်ဘဲ တိုး၍မှီကာ...

"နေမင်းကြီးက သနားစရာ ကောင်းတယ်နော်" ဟု ပြောလိုက်သည်။

ကိုအောင်လင်းသည် အနိုင်၏နဖူးပေါ်တွင် ဖရိုဖရဲ ကျနေသော ဆံပင်စများကို သပ်ပေးရာမှ တိုးတိုးဖြေလေ သည်။ "လူတွေဟာ သိပ်ရက်စက်ကြတာပဲကွယ်"

အနိုင်သည် နဖူးပေါ်မှ ကိုအောင်လင်းလက်ကို ဖမ်း ကိုင်ထားလိုက်သည်။ သူ့လက်ကလေးများမှာ တော်တော် ပင် ပူနေသည်။

"ကိုကိုလင်း" သူသည် ကိုအောင်လင်းလက်ကို ခပ် ကျပ်ကျပ်ကလေးဆုပ်ရင်း ခေါ်ပြီးထိုင်လေသည်။

"အနိုင် ပြန်မယ်လေ... လိုက်ပို့"

* * *

"သူတို့ကတော့ သိပ်ပြီးပြန်လာစေချင်နေကြတာပဲ ဗျာ"

ကျော်ဆွေဦးသည် ကုလားထိုင်တွင် ကျောမှီရင်းက လက်တွင်းရှိ ဟသာ်တလူငယ်အစည်းအရုံးမှ ပေးပို့လိုက် သော စာရွက်ကလေးကို စားပွဲပေါ်တွင် တင်ပါးလွှဲထိုင်နေ သော ကိုအောင်လင်းသို့ လှမ်းပေးလိုက်သည်။

"မောင်ကျော်ဦး မရှိတော့လည်း သူတို့အဖို့ တအား ယုတ်နေသကိုးကွဲ့" ကိုအောင်လင်းသည် စာကို ငုံ့ဖတ်ရာ မှ ပါးစပ်မှ ဆေးတံကိုဖြုတ်ကာ ပြောလိုက်ပြီး ကျော်ဆွေ ဦးအားကြည့်၍–

"အဲဒါ မောင်ကျော်ဦးက ဘယ်လိုဆုံးဖြတ်သလဲ၊ ပြန်မယ် စိတ်ကူးသလား..."

ကျော်ဆွေဦးသည် ရုတ်တရက် ဘာမှပြန်မပြော သေးဘဲ နဖူးပေါ်သို့ကျနေသော ဆံစများကို သပ်တင် လိုက်ပြီး အသက်ပြင်းပြင်းရှိုက်ကာ ပြတင်းပေါက်မှ အပြင် သို့ လှမ်းကြည့်နေလေသည်။ အပြင်ဘက်တွင် မိုးသည် အုံ့တုံ့တုံ့နှင့် လေအေးကလေးကလည်း တဖြူးဖြူးတိုက်

နေသည်။

"မောင်ကျော်ဦးသဘောပဲလေ။ ကိုယ်တို့တော့ ဘာမှ မပြောလိုဘူး၊ မောင်ကျော်ဦး နေဦးမယ်ဆိုရင် ဝမ်းမြောက် ဝမ်းသာ လက်ခံပြီး၊ ပြန်မယ်ဆိုရင်လည်း တတ်နိုင်သမျှ ကူညီဖို့ပဲ"

ကိုအောင်လင်းသည် ဆေးတံကိုရှိုက်ကာရှိုက်ကာ ဖွာလိုက်လေရာ မီးခိုးများသည် လိပ်၍လိပ်၍ တက်လာ လေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကိုအောင်လင်းတို့ စေတ နာကိုတော့ ယုံမှားစရာ မရှိတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော် ပြန်ရမလား၊ မပြန်ရဘူးလားဆိုတာ ဝေခွဲလို့မရ ဖြစ်နေ တယ်။ ကျွန်တော်ရောက်နေတာလည်း နှစ်လကျော် လောက် ရှိသွားပြီဆိုတော့..." ကျော်ဆွေဦးသည် လေး ဆေးစွာ ပြောရင်းက အတွေးတွင် နစ်သွားပြန်သည်။ အမှန် မှာ ယခုအခါတွင် အနိုင်နှင့်လည်း ပြန်လည်သင့်မြတ်နေ ကြပြီဖြစ်၍ သူ့အဖို့ ပျော်စရာကောင်းသော အိမ်ကလေးမှ မခွာလို၊ ဤကြည်နူးစရာ သူ့အား အထူးတလည်ခင်မင်လှ သော အိမ်သားတစ်စုထံတွင် အတူနေရင်းက သူမြင်က တည်းက စွဲခဲ့မိသည့် မမမူကို ရရာရကြောင်း လမ်းကောင်း များ ရှာချင်သေးသည်။

"ဟော ကိုကိုလင်းက ဒီရောက်နေတာကိုး၊ အနိုင် ဖြင့် အိမ်ရှေ့က တစောင့်စောင့်နဲ့"

သူတို့နှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်လိုက်ကြ သည်။ အဝတ်သစ်၊ အစားသစ်ဖြင့် ချစ်စရာကောင်းသော အနိုင်သည် သူတို့အား ပြုံးကြည့်နေသည်။ သူတို့နှစ် ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိ ကြပြီးမှ ကျော်ဆွေဦးက သိမ်မွေ့စွာပြုံးလိုက်ရင်း...

"ဘယ်သွားမလို့လဲ အနိုင်" ဟု မေးလေသည်။

"ဈေးလိုက်ပို့မယ်ဆိုပြီး ကိုကိုလင်းက ဘယ်ပုန်းနေ မှန်းမသိဘူး၊ အနိုင်ကဖြင့်စောင့်လိုက်ရတာ မပြောနဲ့တော့"

အနိုင်သည် ကိုအောင်လင်းအား မျက်စောင်းက လေးထိုးရင်း ပြောလိုက်သည်။ ကိုအောင်လင်းသည် အေး ဆေးစွာပြုံးမယောင်မျက်နှာဖြင့် ဆေးတံကို ပါးစပ်မှချွတ် ကာ ခါရင်း...

"ကိုကိုလင်းက အနိုင်မပြီးနိုင်လို့ ဟောဒီလာပြီး မောင်ကျော်ဦးနဲ့ စကားပြောရင်း စောင့်နေရတာပါဗျာ၊ ဘယ်လောက်ကြာပလဲဆိုတာ မေးများကြည့်စမ်းပါဦး" ဟု ပြောပြီး ကျော်ဆွေဦးအားကြည့်၍ ရယ်လေသည်။ ကျော် ဆွေဦးလည်း ပြုံးလိုက်ကာ အနိုင်ကို မော်ကြည့်လေသည်။

"ကဲပါ သွားကြပါစို့၊ ကိုကျော်ဦး ဘာမှာဦးမလဲ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ မှာစရာမရှိပါဘူး၊ သွား ကြပါ၊ သွားကြပါ"

ကျော်ဆွေဦး၏ စကားအဆုံးတွင် အနိုင်သည် ရှေ့ မှ ခပ်သွက်သွက်ကလေး ထွက်သွားသဖြင့် ကိုအောင်လင်း လည်း ဆေးတံကိုမီးညှိဖွာလိုက်ပြီး ကျော်ဆွေဦးအား တစ် ချက်ပြုံးပြကာ နောက်မှလိုက်ပါသွားလေ၏။

* * *

"ဝင်ခဲ့ပါရစေ"

"ဟော..." ကျော်ဆွေဦး စာရေးရာမှ အသံကြား၍ လှည့်အကြည့်လိုက်တွင် လက်မှကလောင်ပင် လွတ်ကျမ တတ် အံ့သြသွားသဖြင့် အာမေဍိတ်လိုက်မိခြင်းဖြစ်သည်။ တံခါးဝတွင်ကား သူ့ထံသို့ ဘယ်တော့မှ လာခဲ့လိမ့်မည် ဟု မမျှော်လင့်မိသော မမမူသည် ကျော်ဆွေဦး အံ့အားသင့် လောက်အောင်ပင် တံခါးပေါက်ဝယ် ဆိုက်ဆိုက်မြိုက် မြိုက်ကြီး ရောက်နေခဲ့ပါပြီ။

"ဝင်ခဲ့ရမလား မောင်ကျော်ဦး"

"အို... ဝင်ပါ၊ ဝင်ပါ၊ လာပါ၊ ထိုင်ပါ" မူမူက ဒုတိ ယအကြိမ် ထပ်မေးမှ သူငေးကြည့်ရာမှ သတိရပြီး ပျာပျာ သလဲ ဖြစ်သွားသည်။ မူမူကား ဣန္ဒြေရရပင် ကုလားထိုင် တစ်ခုကို ဆွဲထိုင်လိုက်သည်။

"ကျေးဇူးတင်ပါတယ်။ မောင်ကျော်ဦးက မမမူ မလာစဖူးလာလို့ သိပ်အံ့သြနေတယ်ထင်တယ်"

မူမူသည် ဝေခွဲ၍မရသော အမူအရာဖြင့် အံ့အား သင့်တုန်းပင် ရှိသေးသော ကျော်ဆွေဦးကိုကြည့်ကာ အေး ဆေးစွာပင် ပြောလိုက်လေသည်။ ကျော်ဆွေဦးကား ခေါင်းကိုသာ တစ်ချက်ညိတ်လိုက်သည်။

"အကြောင်းထူးလို့ပေါ့ မောင်ကျော်ဦး၊ မမမူ ဒီလို မလာစဖူး ထူးထူးခြားခြား လာသလို အကြောင်းကလည်း ထူးတယ်"

ကျော်ဆွေဦးသည် စကားတစ်ခွန်းမှ ပြန်မပြောဘဲ မျှော်လင့်သော အမူအရာဖြင့် နားစိုက်နေသည်။

"မောင်ကျော်ဦး ဒီမှာနေရတာ ပျော်ရဲ့လား"

ကျော်ဆွေဦးသည် ဖြူဖွေးသောသွားများပေါ်လာအောင်ပင် အားပါးတရ ရယ်လိုက်မိသည်။ အမယ်လေး ဟဲ့ ထူးလိုက်တဲ့အကြောင်း။ သြော်... မမမူ–မမမူ လုပ်လိုက်မှဖြင့် အထိတ်တလန့်နဲ့ အဆန်းချည်းပဲ...

"မရယ်နဲ့ မောင်ကျော်ဦး၊ ဒါ လူပြက်ပြက်တာ မဟုတ်ဘူး၊ မေးတာသာ ဖြေစမ်းပါ"

"အို... မမမူနယ် ပျော်တာပေါ့၊ ဘယ့်နယ်များ မေးပါလိမ့်" မျက်ခုံးကို အသာမြှင့်ရင်း ရယ်သံမပျောက်တပျောက်နှင့် ဖြေလိုက်လေသည်။

"အေး... မောင်ကျော်ဦး ပျော်သလောက် မောင်ကျော်ဦးအတွက် စိတ်မချမ်းမသာဖြစ်ရတဲ့လူတွေရှိတယ်ဆိုရင်ကော"

"ဗျာ" ကျော်ဆွေဦး မျက်လုံးပြူးပြူးနှင့် ခေါင်းကလေး စောင်းသွားအောင်ပင် ငဲ့ကြည့်လိုက်မိသည်။ သူ မမမူ ဘာဆိုလိုမှန်း လုံးဝနားမလည်ပေ။

"မောင်ကျော်ဦး ဗမာစကားတတ်တယ်မဟုတ်လား၊ မမမူ နှစ်ခါထပ်ပြောဖို့ မလိုပါလူး"

မူမူ၏ တည်ငြိမ်သောမျက်နှာမှာ မျက်ခုံးနှစ်ခု တွန့်ကာ စိတ်မရှည်သော အမူအရာသို့ ပြောင်းသွားသည်။

ကျော်ဆွေဦးကား ခေါင်းကိုသာ နာနာကုတ်လိုက်မိသည်။ ဘာတွေများ လာပြောနေတာပါလိမ့်။

"ကျွန်တော် ဗမာစကားတတ်ပေမဲ့ မမမူ ဝေ့လည်ကြောင်ပတ်ပြောတဲ့ အဓိပ္ပာယ်ကိုတော့ နားကိုမလည်ဘူး"

နောက် သူစိတ်မရှည်သလို ခပ်ဆတ်ဆတ်ကလေး ပြောလိုက်ပြီး မူမူ့ကို မျက်လုံးလှန်ကြည့်လိုက်၏။ မူမူကား ဆံပင်ကောက်ကလေးတွေ ဝဲနေသော သူ့မျက်နှာကို အဓိပ္ပာယ်ကင်းမဲ့စွာ ငေးမောကြည့်နေတော့သည်။ စင်စစ်သော်ကား မူမူ့စိတ်ထဲတွင် အတော်ပင် မခံချိမခံသာ ဖြစ်သွားသောကြောင့် ဖြစ်လေသည်။ ကျော်ဆွေဦးအား သူကသာ ဘုပြောမည်၊ ဟိုကဘောက်ပြန်တောလျှင် သူဆတ်ဆတ်ခါ အင်မတန်မှ နာလေသည်။

"ပြောပါ မမမူ ပြောစရာရှိတာကို ဘွင်းဘွင်းသာ ပြောပါ။ မမမူဟာ အင်မတန် ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ မိန်းမတစ်ယောက်ပဲဟာ"

လည်လာသော မျက်ရည်ကို အံကြိတ်ကာ ထိန်းလိုက်ပြီး စိတ်ကိုချုပ်ကာ ကိုယ့်ကိုယ်ကို အတော်သတိထားနေရသည်။ ကျော်ဆွေဦးသည် ယနေ့အဖို့ သူ့ကို ကလဲ့စားများ ချေနေလေရော့သလားမသိ။ အသည်းနာစရာတွေကိုချည်း ပြောနေဘိတော့သည်။ သို့သော် မူမူကား သူ့ထက်ပို၍ တင်းမာပေသည်။

"ဟုတ်တယ် မမမူဟာ ရှင်းရှင်းနဲ့ ဘွင်းဘွင်းကြိုက်တဲ့ မိန်းမမို့ ရှင်းရှင်းပဲ ပြောလိုက်မယ်။ မောင်ကျော်ဦး ဒီအိမ်မှာတာရှည်မနေဘဲ ပြန်သွားရင်ကောင်းမယ်၊ ပြန်သွားပါလို့လည်း ပြောတယ်"

ကျော်ဆွေဦးသည် ထိုင်ရာမှ ထမိတော့မတတ်ပင် ဖြစ်သွားသည်။ သူအံ့သြလိုက်သည်မှာ မည်သို့မည်ပုံဟု ပြောမပြတတ်တော့ပေ။ ခုနကပင် ကိုအောင်လင်းက သူ့အား ဝမ်းမြောက်ဝမ်းသာလက်ခံထားမည်ဟု ပြောသွားခဲ့သည်။ ထိုစကားစုသည် သူ့ပတ်ဝန်းကျင်ရှိ လေထုထဲကမှ အပြင်သို့ ပျံ့လွင့်သွားသေးဦးမည်မထင်မိ။ ယခု မမမူက သူ့ကို နှင်နေပါပြီ။ သူ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"သြော် မမမူက ကျွန်တော့်ကို နှင်တယ်ဆိုပါတော့"

နှင်တယ်ဆိုပါတော့။ ဤစကားစုသည် ကျော်ဆွေဦးက လေအေးကလေးနှင့် သွေ့ခြောက်ခြောက်ပြောလိုက်ခြင်းဖြစ်သော်လည်း မူမူ့အဖို့ကား အတော်အထိနာသွားသည်။ မူမူသည် ရုတ်တရက် မည်းသွားသော မျက်နှာကို အတင်းပြင်ရင်း နှုတ်ခမ်းဖူးကလေးတွင် ရယ်လိုက်လေသည်။ သူ့မျက်လုံးများကား အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် မှုန်ဝေနေသည်။

"ဒီသဘောပါပဲ မောင်ကျော်ဦး။ ဒါပေမဲ့ မမမူဟာ မောင်ကျော်ဦး ဒီက ထွက်သွားရတာကလွဲလို့ ဒီပြင် ဘာမှ အကျိုးမရှိတဲ့ အဓိပ္ပာယ်မရှိတဲ့ အပြုအမူတွေကို ပြုမူနေတယ်လို့ဖြင့် မထင်လိုက်ပါနဲ့၊ ဒီအိမ်မှာ ရှိသမျှလူတိုင်း လူတိုင်းရဲ့ အကျိုးတစ်ခုစီပါတယ်ဆိုတာကို မောင်ကျော်ဦး သတိပြုပါ"

ကျော်ဆွေဦးသည် မူမူ့ကိုသာ အတော်ကြာ အဖြေရှာသကဲ့သို့ စိုက်ကြည့်နေသည်။ မူမူသည် မျက်လွှာချလိုက်ပြီး "မောင်ကျော်ဦး ကိုယ်တိုင်ရဲ့ အကျိုးလည်း ပါတယ်ဆိုပါတော့"

"ဗျာ ... ကျွန်တော့်အကျိုးဟုတ်လား၊ ကျွန်တော်

ဒီကသွားရလို့ အကျိုးရှိမတဲ့။ ဒီလိုဆိုချင်သလား မမမူ"

မူမူက ခေါင်းညိတ်ပြလိုက်သည်။ ကျော်ဆွေဦး မဲ့တဲ့တဲ့ကလေး ပြုံးကာ ခေါင်းကို ညင်သာစွာ ယမ်းခါလိုက်ပြီး...

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး မမမူ၊ ကျွန်တော်တော့ ဒီက ထွက်သွားလို့ ကျွန်တော်အကျိုးယုတ်မှာပဲ မြင်နေတယ်။ ကျွန်တော် ဒီမှာရှိလို့ တခြား လူတွေမှာ အကျိုးယုတ်မယ်ဆိုတာတော့.."

ဤတွင် မူမူက ဖြတ်ပြောလိုက်သည်။

"ဒီမှာ မောင်ကျော်ဦး၊ မောင်ကျော်ဦးရှိလို့ အကျိုးယုတ်မှာမယုတ်မှာ အပထား၊ မောင်ကျော်ဦးသွားလို့တော့ ဘယ်သူ့မှ မထိခိုက်တဲ့အပြင် အကျိုးရှိမယ်ဆိုတာတော့ ယုံစမ်းပါ"

ကျော်ဆွေဦး အတော်ပင် ဝမ်းနည်း၍သွားလေသည်။ မမမူရယ် ပြောရက်လိုက်တာဗျာ။ ကျော်ဆွေဦး ထွက်သွားလို့ ဘယ်သူ့မှ မထိခိုက်ပါဘူးတဲ့။ သူသည် နှုတ်ခမ်းကို မသိမသာ ကိုက်ထားလိုက်လေသည်။

"တောက်... ကျွန်တော့်ဘဝကို ကျွန်တော် ဒီလောက်အထိ ဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ ကျွန်တော့်ရုပ်ရည်နဲ့ ကျွန်တော့်စေတနာတွေဟာ ဒီလို အပြစ်ဒဏ်မျိုးကို ခံစားရဖို့ ဖန်တီးလာလိမ့်မယ်လို့ မထင်မိခဲ့ဘူး။ ကျွန်တော်..."

"ဒါပေမဲ့ ခုတော့ ဖြစ်လာပြီ မဟုတ်လားကွဲ့"

စင်စစ် သူ ကျော်ဆွေဦး၏ စကားတို့ကို ဆက်လက်၍ မကြားရက်နိုင်၊ မကြားဝံ့တော့သောကြောင့် ဤသို့ စကားပြတ်သွားစေခြင်း ဖြစ်သည်။

"ဟုတ်ပါတယ် မမမူ၊ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တစ်ခုပြောချင်တာက ကျွန်တော်လည်း ဒီကသွားဖို့ စဉ်းစားနေဆဲပဲဆိုတာပဲ" ပြောပြောဆိုဆိုပင် နံနက်က ရထားသော လူငယ်အသင်းအမှာစာကို ထုတ်၍ပြလိုက်လေသည်။ မူမူသည် စာရွက်ကိုတစ်လှည့် ကျော်ဆွေဦးကို တစ်လှည့်ကြည့်ပြီး မသိမသာ အံကြိတ်လေသည်။

"သူတို့က ကျွန်တော့်ကို အရေးတကြီး ပြန်လာစေချင်ကြတယ်။ ကျွန်တော်ကလည်း ပြန်ဖို့စဉ်းစားနေတာပါပဲ။ ကိုအောင်လင်းက တားလို့..."

မူမူ သူ့ကို ဆတ်ခနဲ မော်ကြည့်သည်။ သူမယုံ၊ ကိုအောင်လင်းက တားလိမ့်မည်ဟု ဘယ်နည်းနှင့်မှ သူမယုံနိုင်ချေ။

"ကျွန်တော်သွားမှ အားလုံးစိတ်ချမ်းသာကြမယ်ဆိုရင် ကျွန်တော် ဝမ်းမြောက်ဝမ်းသာနဲ့ သွားဖို့ပါပဲ။ အထူးသဖြင့် မမမူ ဝမ်းသာမယ်ဆိုရင် ကျွန်တော်သိပ်ပြီးတော့ကို ကျေကျေနပ်နပ်ကြီးနဲ့ကို သွားဖို့အဆင်သင့်ပါပဲ"

ကျော်ဆွေဦးသည် မူမူ့ကို စေ့စေ့ကြည့်ကာမချင့်မရဲနှင့် ပြောလိုက်လေသည်။ မူမူသည် နေရာမှထကာ...

"ကျေးဇူးအများကြီးတင်ပါတယ် မောင်ကျော်ဦး၊ မမမူ ဝမ်းသာတာ ဝမ်းနည်းတာတွေကို ငဲ့နေစရာလည်း မလိုပါဘူး။ မမမူဟာ မောင်ကျော်ဦး ဂရုစိုက်နေရမယ့် လူတစ်ယောက်မှမဟုတ်ဘဲ။ မောင်ကျော်ဦး အင်မတန်မှန်းတဲ့ အမုန်းပဲဟာ၊ ဟုတ်ပါတယ်။ အမုန်း... မမမူဟာ အမုန်း..."

ခပ်ပြတ်ပြတ် ခပ်ဆတ်ဆတ် ပြောလိုက်ပြီး ချာခနဲလှည့်ထွက်ပျောက်ကွယ်သွားသည်။ သို့သော် သူ့အသံမှာ နောက်ဆုံးနားတွင် တုန်တုန်ယင်ယင် ရှိလှသည်ကို ကျော်ဆွေဦးရော သူကိုယ်တိုင်ပါ သိရှိလိုက်ကြသည်။

"ဟုတ်တယ် အမုန်း... မမမူဟာ အမုန်း"

ကျော်ဆွေဦးသည် သက်ပြင်းကို ဟင်းခနဲချကာ ဆံပင်ကောက်များကို ဖွပစ်လေသည်။

**ထင်းရှူးရိပ်မှ အိုအမုန်း...**

သူ့ကဗျာကလေးသည်ပြုံးစနဲ့နဲ့နှင့် သူ့မျက်လုံးထဲတွင် ပြန်ပေါ်လာလေသည်။

* * *

"ကျွန်တော်တော့ ပြန်ဖို့ဆုံးဖြတ်လိုက်ပြီ ကိုအောင်လင်း"

ကျော်ဆွေဦးသည် မကြည်လင်သောအသံဖြင့် ခပ်တိုးတိုးပင် ပြောလိုက်ပြီး ဆိုဖာနောက်မှီပေါ်သို့ ပန်းလျစွာ မှီချလိုက်သည်။ သူတို့သည် ကိုအောင်လင်း၏ အိပ်ခန်း၊ တစ်ခါက အနိုင်နှင့် ကိုအောင်လင်းတို့ ပုံပြောခဲ့သည့် ဆိုဖာတွင် ထိုင်နေကြခြင်းဖြစ်သည်။ ကိုအောင်လင်း သူ့ကို စကားပြန်မပေးဘဲ ဆေးတံကိုသာ တွင်တွင်ဖွာနေသဖြင့် အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ အခြားအခန်းများရှိ ဒေါ်လေး၊ အနိုင်၊ မူမူတို့သည် အိပ်ပျော်လျက် ရှိကြပေတော့မည်။ သူတို့နှစ်ယောက်သည် မီးမထွန်းဘဲ ပြတင်းမှ

ဝင်လာသော လရောင်တွင်သာ နေနေကြသည်။

"ကျွန်တော် ဒီမှာ ကြာရှည်နေရင်..."

ကိုအောင်လင်းသည် သူ့ကို မျက်လုံးစွေကြည့်သည်။ ကျော်ဆွေဦးသည် အားရပါးရပြုံးလိုက်ပြီး "အစည်းအရုံးမှာ သိပ်ကသီလင်တ ဖြစ်နေမှာ စိုးရတယ်" သူသည် ပြောရင်း သူ့စကား သူ့သဘောကျကာ ရယ်လေသည်။ ကိုအောင်လင်းကား မီးခိုးများကိုသာ ငူခနဲ မှုတ်ထုတ်လိုက်လေသည်။ ကျော်ဆွေဦးသည် ပြတင်းပေါက်မှ မြင်ရသော ထင်းရှူးရွက်ကြားမှ ဖိုးရွှေလကိုကြည့်ကာ သူတစ်ခါ ပြောခဲ့ဖူးသည့် မိန်းမပျို၏အပြုံးကို သတိရသဖြင့် လျှော့ရဲရဲပြုံးမိလေသည်။

"ဘဝဆိုတာ ကဗျာတစ်ပုဒ်ပဲ ထင်ပါရဲ့ ကိုအောင်လင်းရယ်"

သူ ဘာဆိုလိုမှန်းမသိသဖြင့် ကိုအောင်လင်းသည် ငြိမ်နေလေသည်။

"ကျွန်တော် အစည်းအရုံးကိုတောင်မှ မနက်ဖြန် ဒီက ထွက်ခဲ့မယ်လို့ စာရေးလိုက်ပြီ"

ကိုအောင်လင်း စိတ်မဝင်စားမှန်း သိသဖြင့် သူ့စကား လွှဲလိုက်သည်။ ကိုအောင်လင်းသည် ခေါင်းကို ထောင်ကာ...

"အို... မနက်ဖြန် ဟုတ်လား။ မြန်လှချည့်လား မောင်ကျော်ဦး" ဟု မကျေမနပ်သံဖြင့် ပြောလေသည်။

"ဟဲ – ဟဲ မြန်လေ ကောင်းလေပေါ့ဗျာ"

ကိုအောင်လင်းသည် နဖူးရေကိုတွန့်ကာ ကျော်ဆွေဦးကို သဘောမကျဟန်ဖြင့် ကြည့်နေသည်။

"ဘာမှာဦးမလဲ၊ ကိုကျော်ဒင်တို့၊ ကိုမိုးမြင့်တို့ကို"

ကျော်ဆွေဦးက ကိုအောင်လင်းစိတ်ကို တစ်ဖက်သို့ ပြောင်းပေးလိုက်ပြန်သည်။

"အေးကွယ် ပြောလိုက်ပါ။ ကိုယ်က အားလုံးကို သတိရပါတယ်လို့။ တော်လှန်ရေးတုန်းက အတူတူဆောင်ရွက်ခဲ့ကြတာတွေ ဘယ်တော့မှ မမေ့ဘူးလို့နော်။ နောက်တစ်နေ့လည်း တွေ့ကြရလိမ့်ဦးမယ်လို့ မျှော်လင့်တယ်လို့"

ကိုအောင်လင်းက သူ့တော်လှန်ရေး ရဲဘော်များအတွက် စကားလက်ဆောင် ပါးလေသည်။

ကျော်ဆွေဦးကား ခေါင်းတညိတ်ညိတ်နှင့် နားစိုက်လျက် ရှိ၏။

"ကဲ ကျွန်တော် နှုတ်ဆက်ပြီဟုတ်လား။ မနက်ကို စောစောသွားရမှာ။ ဒုက္ခရှာပြီးတော့ ထမနေကြပါနဲ့ဗျာ၊ ကျွန်တော့်ဘာသာ ကျွန်တော်သွားပါ့မယ်"

"ဟာ မဟုတ်တာဘဲ မောင်ကျော်ဦးက ကိုယ် ဘူတာအထိ လိုက်ပို့ပါ့မယ်"

"ဟာ နေပါစေ မပို့ပါနဲ့။ သိပ်ကျေးဇူးတင်ပါတယ်။ ကဲ– ကျွန်တော် သွားမယ်နော်'

ကျော်ဆွေဦးသည် ပြောပြောဆိုဆိုပင် ကိုအောင်လင်း၏ စကားပြန်ကို မစောင့်တော့ဘဲ ထွက်သွားလေသည်။ ကိုအောင်လင်းကား ဘာပဲဖြစ်ဖြစ် လိုက်ပို့မယ်ဟု ဆုံးဖြတ်ကာ စောစောနိုးနိုင်ရန် ပြတင်းကိုပိတ်ပြီး အိပ်ရာဆီသို့သွားသည်။ ပြတင်းပေါက် မှန်ပေါင်ပေါ်တွင်ကား လရောင်ကြောင့် ထင်းရှူးရွက်များ၏ အရိပ်တို့သည် လှုပ်ကာလှုပ်ကာ ကနေသည်။

* * *

"ကိုကိုလင်းရေ၊ ကိုကိုလင်း မရှိဘူးလား။ ဟော ကိုကျော်ဦးက ဘယ်သွားဦးမလို့လဲ..."

"ကိုကျော်ဦး ဟသ်ာတကို ပြန်မလို့လေ၊ ကိုအောင်လင်းကိုတောင် ညက နှုတ်ဆက်ပြီးပြီ။ အနိုင်တို့ အိပ်နေကြတာနဲ့..."

အနိုင်သည် မျက်လုံးပြူးကာ ကျော်ဆွေဦးကို ကြည့်မိသည်။

"ပြန်တော့မယ်..." အနိုင်သည် စိတ်ပျက်ဟန်ဖြင့် ပြေကျနေသော ဆံပင်များကိုစု၍ ထုံးလိုက်သည်။ သူ့မှာ အိပ်ရာထ၍ မျက်နှာသစ်ပြီးသည်နှင့် မမှုမရှိတော့ကြောင်း သိကာ ကမန်းကတန်း ပြေးလာခဲ့ရသည်။

အနိုင်သည် မျက်နှာငယ်ငယ်နှင့် ကျော်ဆွေဦးကို ကြည့်ရာက...

"ဘာဖြစ်လို့လဲ ကိုကျော်ဦး၊ အနိုင်တို့နဲ့ နေရတာ မပျော်ဘူးလား၊ အနိုင်တလောက စိတ်ဆိုး..."

"အို– အို– မဟုတ်ပါဘူး။ ဒါကြောင့် မဟုတ်ပါဘူး။ ကိုကျော်ဦး အနိုင်တို့နဲ့ နေရတာ သိပ်ပျော်ပါတယ်။ ခုလည်း အစည်းအရုံးက ကိစ္စရှိလို့ အရေးတကြီး ခေါ်တာနဲ့ သွားရမှာပါ"

အနိုင်သည် ပင့်သက်ရှူကာ နှုတ်ခမ်းတလှုပ်လှုပ်

ဖြစ်နေပြီးမှ...

"အနိုင်တော့ ဒုက္ခပါပဲ။ မမမူလည်း မရှိတော့ဘူး။ ကိုကျော်ဦးကလည်း ပြန်တော့မယ်တဲ့" အနိုင်သည် ငိုမလို ဖြစ်လာကာ စကားပြောရပ်သွားသည်။

"ဘာ–ဘာ မမမူ မရှိတော့ဘူးဟုတ်လား" သေတ္တာထဲသို့ထည့်မည့် စပို့ရှပ်သုံးထည်ကို ဘုတ်ခနဲမြည်အောင် ပစ်ချကာ အလောတကြီးမေးမိသည်။ သူ့နားကိုပင် သူ မယုံ။

"ဟုတ်တယ် မရှိတော့ဘူး။ ဘယ်မှာမှ မတွေ့ဘူး။ မေမေ့ကို မေးတော့လည်း မသိဘူးတဲ့။ ဒါနဲ့ ကိုကိုလင်းကော..."အနိုင်သည် ပြောပြောဆိုဆို ထွက်သွားမည်လုပ်သဖြင့် လက်မောင်းကို လှမ်းဆွဲလိုက်ရလေသည်။

"နေပါဦး အနိုင်။ ကိုအောင်လင်း ဂိုဒေါင်မှာ ကားစက်နိုးမရလို့ ပြင်နေတယ်။ မမမူ ဘယ်သွားလဲ၊ အနိုင်သိလားဟင်"

အနိုင်သည် ကျော်ဆွေဦးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ နှုတ်ခမ်းကို စေ့စေ့ပိတ်၍ ခေါင်းခါပြကာ ထွက်ပြေးသွားသည်။ ကျော်ဆွေဦးမှာ စိတ်မချမ်းမြေ့စွာနှင့်ပင် အောက်ကျနေသော စပို့ရှပ်သုံးထည်ကို ကောက်ကာ သေတ္တာထဲသို့ ထည့်လိုက်သည်။ အပေါ်ဆုံးမှ ငါးရှဉ့်သွေး စပို့ရှပ်မှာ ကျော်ဆွေဦးအား လှောင်နေသကဲ့သို့ ထင်ရသည်။

"မောင်ကျော်ဦး ခဏကွယ်"

"ဟုတ်ကဲ့ဒေါ်လေး..." ကျော်ဆွေဦးသည် ဒေါ်ထားတင် ရှိရာသို့သွားသည်။ ဒေါ်ထားတင်ကလည်း သူ့ဆီသို့ လျှောက်လာရာ လမ်းခုလတ် ကုလားထိုင်များတွင် ဆုံမိကြသည်။

"မောင်ကျော်ဦး ပြန်တော့မလို့ဆို..."

ဒေါ်ထားတင်မှာ တစ်စုံတစ်ခု ပြောချင်ဟန် လက္ခဏာရှိနေသည်ကို ကျော်ဆွေဦး ရိပ်မိသဖြင့်...

"ဟုတ်ကဲ့ ဒေါ်လေး" ဟု တိုတိုပင် အဖြေပေးလိုက်လေ၏။

"ခဏထိုင်ပါဦးကွယ်၊ ဒေါ်လေး ပြောစရာရှိလို့"

ကျော်ဆွေဦးသည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

"မောင်ကျော်ဦး ဘာဖြစ်လို့ ကမန်းကတန်းကြီး ပြန်ရတာလဲ..."

ကျော်ဆွေဦးက ပြုံးလိုက်လေသည်။

"အစည်းအရုံးကိစ္စတွေကြောင့်ပါပဲ ဒေါ်လေးရယ်။ သူတို့က အရေးတကြီး စာရေးခေါ်နေကြပြီ"

ဒေါ်လေးက ဖြည်းညင်းစွာ ခေါင်းကို ယမ်းလိုက်လေသည်။

"ဒေါ်လေးသိပါတယ်ကွယ်။ မူမူလာနှင့်လို့ မဟုတ်လား"

ကျော်ဆွေဦးသည် တွန့်ခနဲဖြစ်သွားကာ ခေါင်းငိုက်သွားလေသည်။

"မောင်ကျော်ဦးတို့ အကြောင်းတွေ ဒေါ်လေး ခုမှ အမှန်အတိုင်းသိရတယ်။ ဒီတော့ မောင်ကျော်ဦးကို သွေးသားတစ်ယောက်လို ခင်တဲ့အတွက် ဒေါ်လေးပြောပြမယ် နော်...

"ဒေါ်လေးတို့က မောင်ကျော်ဦးနဲ့အနိုင်ဟာ တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိနေကြတယ်လို့ ထင်မိတယ်။ အမှန်လည်းအနိုင်က မောင်ကျော်ဦးကို တော်တော်နှစ်သက်နေပုံပါပဲ။ မောင်ကျော်ဦးကသာ ရိုးရိုးနှမကလေး အရင်းလို ခင်မင်နေတာကိုး။ ဒါလည်း ဒေါ်လေး ခုမှပဲ သိရတယ်။ မောင်ကျော်ဦးဟာ အနိုင့်ကို မဟုတ်ဘဲ မူမူ့ကို ချစ်နေတယ်ဆိုတာ..."

"မေမေ" အနိုင်သည် ဖြုန်းခနဲ ရောက်လာပြီး လွတ်ခနဲခေါ်ရာမှ ဒေါ်ထားတင်၏ စကားတို့ကို တစ်စွန်းတစ်စ ကြားသဖြင့် နားစိုက်နေလိုက်သည်။ ကျော်ဆွေဦးကား မျက်နှာနီနီနှင့်ပင် မလှုပ်သာ မရှားသာ နားထောင်နေရပြန်သည်။

"မောင်အောင်လင်းနဲ့ အနိုင်ကို ဒေါ်လေးတို့အစကတည်းက ရည်ရွယ်ထားခဲ့ကြတယ်"

"ဟင်..." အနိုင်သည် အလွန်အမင်း အံ့သြပုံဖြင့် မေမေ့ကို ငေးကြည့်နေသည်။

"ဟုတ်တယ် သမီးရဲ့။ သမီးကို မေမေတို့က ဖြည်းဖြည်းမှပြောမယ်ဆိုပြီး နေခဲ့ကြတာ"

အနိုင်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး အခန်းထဲသို့ ဝင်ပြေးလေသည်။ ဒေါ်ထားတင်သည် ကမူးရှူးထိုးနှင့် ဝင်ပြေးသော သမီးချောကိုကြည့်ပြီး ခေါင်းကို ဖြည်းညင်းစွာ ခါလေသည်။

"မောင်အောင်လင်းကို ဒါကြောင့် ဒေါ်လေးတို့ အတူတူခေါ်ထားကြတာ။ ရင်းနှီးပါစေတော့လို့။ မောင်အောင်လင်းက အနိုင်တို့ဖေဖေကိုအောင်နိုင်ရဲ့ တူနှစ်ဝမ်းကွဲ တော်တယ်။ အနိုင်ကတော့ အစ်ကိုအရင်းလိုပဲ ခင်နေတာပဲ။ ဒေါ်လေးတို့ကလည်း မပြောဘူး။ အထိုက်အလျောက် ဖြစ်လာမှာပဲလို့လေ။ ဒါဟာ ဒေါ်လေးတို့ အမှားပဲ"

ကျော်ဆွေဦးသည် သူတကယ်ပင် အနိုင့်ကို မချစ်မိတာ ကောင်းကောင်းဟု အောက်မေ့မိသည်။

"အဲဒီလို မောင်အောင်လင်းက အနိုင့်ကိုချစ်၊ အနိုင်က မောင်ကျော်ဦးကိုချစ်၊ မောင်ကျော်ဦးက မူမူ့ကိုချစ်ပြီး ဒေါ်လေးကလည်း မောင်ကျော်ဦး အနိုင့်ကို ချစ်တယ်ထင်နေတော့ ဒေါ်လေးမှာ သိပ်ပြီးအကြံရခက်နေပါတယ်"

ဒေါ်လေးသည် ခေတ္တမျှ အမောဖြေနေလိုက်သည်။

"အနိုင်လည်း စိတ်မချမ်းမသာ မဖြစ်စေချင်ဘူး၊ မောင်အောင်လင်းကိုလည်း သိပ်သနား၊ မောင်ကျော်ဦးကိုလည်း အားနာ။ ဒါနဲ့ မူမူက သူကြံပါ့မယ်ဆိုပြီး ခုလိုပြန်ဖို့ ပြောတာပဲ။ ရည်ရွယ်ချက်ကတော့ မောင်ကျော်ဦးပြန်ရင် အနိုင်လည်း တဖြည်းဖြည်း မေ့ပျောက်သွားမှာပဲ။ မောင်ကျော်ဦးလည်း စိတ်ချမ်းသာရော၊ သူလည်း လွတ်လွတ်လပ်လပ် နေရမယ်ပေါ့ကွယ်"

"အင်း မမမူ ...မမမူ ဉာဏ်ချည်းပဲနော်။ ကျွန်တော့်ကို ဘာလို့များ ဒါလောက်မုန်းရတယ် မသိပါဘူး ဒေါ်လေးရယ်" ကျော်ဆွေဦးက ခပ်တိုးတိုး ညည်းတွားလိုက်ရာ ဒေါ်လေးက

"မုန်းတယ်... မဟုတ်ဘူး မောင်ကျော်ဦး၊ တကယ်မုန်းရင် မူမူ ခုလို ထွက်သွားစရာအကြောင်းဘာမှ မရှိဘူး။ မောင်ကျော်ဦးကို မမုန်းလို့သာ ထွက်သွားတာ"

"ဟင် ကျွန်တော့်ကို မမုန်းဘူး၊ ဟုတ်ပါ့မလား ဒေါ်လေးရယ်၊ သူကျွန်တော့်ကို ရောက်စကတည်းက ရန်သူလို ဆက်ဆံခဲ့တာပဲ"

ကျော်ဆွေဦးက စောဒကတက်လိုက်ရာ ဒေါ်လေးက ပြုံးလေသည်။

"ဒါကတော့ သူမောင်ကျော်ဦးကို ချစ်လွန်းလို့ တမင်ဘုလျှောက်လုပ်နေတာ"

"ဘာပြောတယ်ဒေါ်လေး၊ ချစ်လို့ တမင်ဘုလျှောက်လုပ်တယ်ဟုတ်လား၊ အို... ကျွန်တော် နားမလည်ပါဘူး"

ဒေါ်ထားတင်သည် ခေါင်းတညိတ်ညိတ်နှင့် စဉ်းစား နေသည်။

"နားမလည်ဘူးဆိုလည်း ဟုတ်ပေတာပဲ။ မူမူ့အဖြစ်ကလည်း တစ်မျိုးကိုးကွဲ့။ နောက်ပြီး စိတ်ကလည်း နဂိုကမှ ခပ်ကြီးကြီး၊ ခေါင်းမာမာ..."

ဒေါ်လေးသည် သူ့တူမချောက္ကန္ဒြေရှင်အကြောင်းကို တွေးကာ ကြေကွဲသလိုနှင့် "သြော် မူမူ– မူမူ" ဟု ညည်းတွားလိုက်လေသည်။ ကျော်ဆွေဦးမှာ မနေတတ်မထိုင်တတ်နှင့်ပင် အားလိုအားမရ ဖြစ်လာကာ

"ပြောပြစမ်းပါ ဒေါ်လေးရယ်... ကျွန်တော် မမမူအကြောင်း သိပါရစေလား" ဟု အငမ်းမရမေးမိသည်။

ဒေါ်လေးကား ငေးတုန်း၊ တွေးတုန်းပင်။ နောက်မှ ကျော်ဆွေဦးကို သေချာစွာကြည့်ကာ...

"မောင်ကျော်ဦးဟာ မူမူ့ကို စွဲစွဲလမ်းလမ်းချစ်ခင်တယ်လို့ ဒေါ်လေး တကယ်ယုံကြည်ပါတယ်။ ဒါကြောင့်လည်း မူမူက မပြောပါနဲ့လို့ တားခဲ့တဲ့အကြောင်းကို မောင်ကျော်ဦးကိုတော့ ပြောသင့်တယ်လို့ ဒေါ်လေးယူဆတယ်။ ဒီလိုပြောပြလိုက်တဲ့အတွက် ဒေါ်လေးကို မူမူက အပြစ်တင်ရင်လည်း ခံရရုံပါပဲ"

ဒေါ်လေးမှာ ကျော်ဆွေဦးကဲ့သို့သော လူရိုးလူဖြောင့် လူတော်တစ်ယောက်ကို သူ့သမီးနှင့် မဖြစ်နိုင်၍ လက်လွှတ်လိုက်ရလင့်ကစား သူ့တူမချောအတွက် အဆင်သင့်သွားမည်ဆိုပါက အထူးတလည် ဖြစ်စေလိုလှသည်။

"ဒီလိုလေ မူမူဟာ တစ်ခါက ကဗျာဂီတဘက်မှာ အတော်ပဲ စိတ်အားထက်သန်ခဲ့တယ်ဆိုတာ မောင်ကျော်ဦးလည်း ကြားဖူးမှာပေါ့။ တကယ်ပဲ မူမူဟာ အတော့်ကို ကျွမ်းကျင်ခဲ့တယ်။ အဲဒီကဗျာဂီတရဲ့ အဆက်အသွယ်နဲ့ သူငယ်တစ်ယောက်ကို မူမူ တော်တော်ရင်းရင်းနှီးနှီး ဆက်ဆံခဲ့မိတယ်။ အဲဒီသူငယ်ကလည်း ကဗျာဂီတသမားပဲ။ တယောထိုး သိပ်ကောင်းပေါ့။ ရုပ်ရည်ကလည်း အတော်ပဲ ချောမွေ့တယ်။ မောင်ကျော်ဦးလိုပါပဲ"

"သြော်..."

"အေးကွယ် မူမူဟာ အဲဒီတုန်းက အသက်မငယ်လှပေမဲ့ ရုပ်ချောချောလှလှကြိုက်တတ်တဲ့ ဓမ္မတာအတိုင်း အဲဒီသူနဲ့ ဝါသနာတူ လူချောကို ချစ်ခဲ့တယ်။ အဲဒီအချိန်မှာ

ဆိုရင် မူမူဟာ ကဗျာဂီတနဲ့ အလှရဲ့ရိပ်မြုံမှာ လှုံမိပြီး ပျော်ရွှင်နေတာပဲ။ သူ့လူအတွက်လည်း ဂုဏ်အမျိုးမျိုးတက်နေတာပေါ့။ ဒါပေမဲ့ မကြာခင်ပဲ ဂျပန်တော်လှန်ဖို့ ကိစ္စတွေ ဘာတွေ ဖြစ်လာတယ်။ မူမူဟာ လူငယ့်အစည်းအရုံးဝင် အမျိုးသမီးမို့ သူလည်း တော်လှန်ရေးမှာ အရေးပါတဲ့နေရာတစ်ခုဝင်ပြီး ဆောင်ရွက်နေတယ်"

"သြော် ...မမမူက လူငယ်ထဲပါသေးသကိုး၊ တော်လှန်ရေးမှာတောင် ဝင်ဆောင်ရွက်တယ်နော်။ အာဂအမျိုးသမီးပါပဲ" ကျော်ဆွေဦးသည် ပြောရင်း မူမူ၏ ထက်မြက်သော အပြုအမူများကို တွေးကြည့်နေလေသည်။

"ဟုတ်တယ်၊ သူ့လူကတော့ ခပ်ပျော့ပျော့ ခပ်ကြော့ကြော့သမားပဲ။ မူမူဟာ အင်မတန် စိတ်ထက်သန်တဲ့ မိန်းမမို့ သူ့လူကို သူ အားမရနိုင်ဘူး။ သူနဲ့ ရင်ပေါင်တန်းပြီး လုပ်စေချင်တယ်။ သူ့ထက်ပိုပြီး ထက်မြက်စေချင်တယ်လေ။ ဒါပေမဲ့ ဟိုသူငယ်က မူမူ လက်နက်စုဆောင်းသိုဝှက်ရေးတွေ အရေးတကြီးလုပ်နေတုန်း တယောနဲ့ ညည်းချင်နေတယ်။ ကဗျာစပ်နေချင်တယ်။ မူမူ တော်တော်ပဲ စိတ်ညစ်စိတ်ပျက်ခဲ့တယ်။ ဒါပေမဲ့ သူ့အချစ်ဟာ ပေါ့ပေါ့ဆဆမဟုတ်တော့ မမုန်းရက်နိုင်ဘူး။ သြော် သူ့ခမျာ ယောက်ျားဖြစ်လျက်နဲ့ တာဝန်မဲ့ နေနိုင်လေခြင်းလို့ ယူကျုံးမရ ဖြစ်မိရှာတယ်။ မူမူက နိုင်ငံရေးအကြောင်းနဲ့ သူ့ကို ဆွယ်လာရင် သူက ဒါတွေ စိတ်ရှုပ်စရာကြီးပါ မူရယ်၊ အေး အေး တယောထိုးစမ်းပါရစေတဲ့"

"သြော် ဒါကြောင့် ဂီတသမား၊ ကဗျာသမားတွေကို စိတ်နာတယ်လို့ မမမူ ပစ်ပယ်ခဲ့တာကိုး။ အင်း၊ ပြောပါဦး ဒေါ်လေး"

"ဒီလို မူမူက တော်လှန်ရေးကိစ္စနဲ့ သိပ်ပြီးခါတိုင်းလို ဂရုမစိုက်နိုင်တဲ့အခါမှာ ရုပ်ချောသလောက် မျက်နှာပွင့်၊ စန်းပွင့်တဲ့သူဟာ မူမူ့ကို ရှောင်ဖယ်ဖယ်လုပ်ပြီး တခြားမိန်းကလေးတွေနဲ့ ဘာလိုလိုဖြစ်ပါလေရော"

"သြော်..." ကျော်ဆွေဦးက သက်ပြင်းချကာ အံ့သြလိုက်လေသည်။ သူသည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်ကာညိတ်ကာနှင့် မူမူ လူချောလူလှ ဂီတသမားများ မုန်းပုံကို နားလည်နေလေသည်။

"ဒါတင်မကဘူး၊ မူမူ့ကိုတောင်မှ လူငယ်တွေနဲ့ ဘာလိုလို သူကတစ်ပြန်စီး အပြစ်ရှာလိုက်သေးတယ်။ တကယ်တော့ သူ့ဘာသာသူ မလုံလို့ကိုး။ မူမူ့ကို စောင်းပြီး ကဗျာတွေ ရေးရေးပေးတယ်။ ခနဲ့တဲ့စာတွေပေါ့ကွယ်၊ မူမူ အဲဒီကတည်းက ကဗျာတွေကို မုန်းတာပဲ။ ဟိုသူငယ်ကလည်း အဖွဲ့ကောင်း၊ အရေးကောင်းကိုး။ မူမူ့စိတ်ကို ထိခိုက်မယ်ဆိုလည်း ထိခိုက်စရာပဲ"

ကျော်ဆွေဦးသည် သူ့ကဗျာ "ထင်းရှူးရိပ်မှအမုန်း" ကို သတိရပြီး မူမူ့ကို စိတ်မချမ်းသာအောင် လုပ်မိပြီဟု စိတ်မကောင်းဖြစ်သွားမိသည်။

"မူမူဟာ စိတ်ကြီးသလောက် ဖွဲလည်းကြီးတယ်။ သူပြောသမျှကို စိတ်နာစွာနဲ့ပဲ သည်းခံပြီး အရေးကြီးတဲ့ တော်လှန်ရေးကိစ္စကိုသာ လုံးပန်းနေရတော့တယ်။ မူမူ့ရဲ့ စိတ်ဒုက္ခကတော့ ဒေါ်လေး ပြောမပြတတ်ဘူးကွယ်။ မောင်ကျော်ဦးပဲ တွေးကြည့်တော့"

ကျော်ဆွေဦးက ခေါင်းကို ညိတ်ပြလိုက်လေသည်။

"ဟိုသူငယ်ကလည်း မိန်းကလေးတွေ လျှောက်ဖျက်ဆီးနေရုံတင်မက၊ မူမူတို့ကို အနှံ့ခံနေတဲ့ ဂျပန်က ချော့မြှောက်ပြောနေတာ နားယောင်ပြီး မူမူ့ကို သူကပဲ သူလျှိုလုပ်ပြီး ဂျပန့်လက်အပ်မလို့ လုပ်တာကိုး"

"တောက်... တော်တော်မိုက်တဲ့ လူပါလား။ ဟင် မမမူ လူပေါင်းမှားလိုက်တာ" ကျော်ဆွေဦးသည် မချင့်မရဲနှင့် တက်ခေါက်ပြီး "ဒါကို မမမူမသိဘူးလား ဒေါ်လေးရဲ့" ဟု မေးလေသည်။

"မသိဘဲ နေမလားကွယ်။ သိတာပေါ့။ မူမူဟာ ဒီအကြောင်းကြားတော့ ရူးမလောက်ပါပဲ။ အင်မတန် ဖွဲကြီးတဲ့ မိန်းမမို့ပေါ့။ လုပ်ရက်လေခြင်းဆိုတဲ့ ယူကျုံးမရစိတ်နဲ့ မူမူဟာ မချိမဆန့် စိတ်ဝေဒနာ ခံစားရရှာတယ်။ တော်လှန်ရေးကလည်း ဒီအတွင်းစတာပဲ။ မူမူ့ရဲဘော်တွေကလည်း မူမူရဲ့ ရန်သူတစ်ယောက်၊ သူတို့တော်လှန်ရေးရဲ့ ရန်သူဖြစ်တဲ့ အဲဒီသူငယ်ကို ရှင်းလင်းဖို့ အရေးတကြီးဖြစ်လာတာပေါ့။ မူမူ့အတွက် အတော်ပဲ စိတ်မသက်မသာဖြစ်ရတယ်။ သူ့ရဲဘော်တွေရဲ့ စီစဉ်မှုတွေလည်း သိနေပြီး သူဘယ့်နဲ့လုပ် ကြားရက်ပါ့မလဲ၊ ဒါနဲ့ မူမူဟာ တစ်နေ့ သူနဲ့ တိတ်တိတ် ချိန်းတွေ့တယ်"

"မမမူရယ် ဒီလူကိုများ သနားနေရသေးသလား" ကျော်ဆွေဦးက စိတ်နာသလို ဆိုလိုက်သည်။

"တွေ့ကြတော့ မူမူက သူ့ရဲဘော်တွေရဲ့ အစီအစဉ်

အားလုံးကို ပြောပြပြီး သူ့အဖြစ်ကို မူမူ ဘယ်နည်းနဲ့မှ မကြည့်ရက်နိုင်ဘူး၊ မူမူသူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြမယ်ဆိုပြီး…"

ဒေါ်လေးသည် မောင်ကျော်ဦးကို မော့ကြည့်ကာ–

"မောင်ကျော်ဦး ဘယ်လိုထင်သလဲ" ဟု မေးလိုက်သည်။

"သူထွက်ပြေးဖို့ ပြောလိုက်သလားဟင်၊ သူ လွှတ်လိုက်တယ်မဟုတ်လား"

ဒေါ်လေးသည် ဖြည်းညင်းစွာ ခေါင်းကို ယမ်းလိုက်လေသည်။

"ဒါက တော်ရုံတန်ရုံ မိန်းကလေးတွေလုပ်တဲ့ အလုပ်မျိုးပဲ။ မူမူလို မိန်းမစားမျိုးက ဒါမျိုးမလုပ်ဘူး မောင်ကျော်ဦး။ သူကိုယ်တိုင်ပဲ လူယုတ်မာတစ်ယောက် လျော့သွားအောင် လုပ်ပစ်လိုက်တယ်"

"အို… ကျွတ်–ကျွတ်" ကျော်ဆွေဦးက စုတ်သပ်လိုက်သည်။ မူမူ့လူကို သနား၍မဟုတ်၊ မူမူ၏ စိတ်ခက်မာပုံ၊ ရက်စက်နိုင်ပုံကို အံ့သြမိခြင်း ဖြစ်သည်။

"အဲဒီကတည်းက မူမူဟာ ကဗျာဂီတကို တစ်ခါတည်း ပစ်လိုက်တာပဲ။ အထင်လည်း သေးသွားတယ်။ လူချောလူလှကိုလည်း မုန်းသွားတယ်"

ဒေါ်လေးက ကျော်ဆွေဦးကို စေ့စေ့ကြည့်လေသည်။ "အင်း…. မောင်ကျော်ဦးလည်း မူမူ မုန်းလောက်အောင် ချောတာပဲကိုး" ကျော်ဆွေဦးကား မူမူ့အကြောင်း အခုမှ ရှင်းသွားတော့သဖြင့် သက်ပြင်းချလေသည်။

"တော်လှန်ရေးတွေပြီးလို့ မောင်အောင်လင်း တိုက်ပွဲမှာ ကျတယ်ကြားပြီး ပြန်မလာတာနဲ့ သူ့ကို ဒေါ်လေးက ခေါ်ထားတာ။ ဒီရောက်တော့ အနိုင်ပူဆာလွန်းလို့ ဂီတကို စိတ်မပါဘဲ ပြန်ကိုင်နေရတယ်"

"သြော်… ဒါကြောင့် ကျွန်တော့်ကို မြင်မြင်ချင်း ရန်သူဖြစ်သွားတာကိုး… ဒါပေမဲ့ဗျာ လူချင်းတူပေမဲ့ ညဉ်ချင်းကွဲပါသေးတယ်။ ဂီတဟာ စိတ်ပျော့စိတ်နု တစ်ခုတည်း ဖန်တီးတာ မဟုတ်ပါဘူး။ နူးညံ့မှု၊ သည်းခံမှုကိုလည်း ပေးပါသေးတယ် ဒေါ်လေးရယ်။ ကဗျာရေးတာ၊ စာရေးတာဟာ စိတ်ဓာတ်ကို ရင့်သန်စေပါတယ်။ မမမူဟာ တစ်ခါဖြစ်ဖူးတာနဲ့ တစ်ဖက်သတ် အယူမသီးထိုက်ပါဘူး"

"အေးကွယ် …ဒါပေမဲ့ သူခံစားလိုက်ရတာက မချိမဆန့်ဆိုတော့ ကြောက်ရှာပေမှာပေါ့။ ဒါကြောင့် မောင်ကျော်ဦးကို ချစ်မိပြီလို့ သူ့စိတ်မှာ ဆုံးဖြတ်ပြီးကတည်းက မတည့်အောင် လျှောက်လုပ်နေတာပဲ"

"ဒီလို လုပ်နေတော့ကော သူစိတ်ချမ်းသာသတဲ့လား ဒေါ်လေး။ ကျွန်တော့်ကို သူ ဘုလုပ်ပေမယ့် ကျွန်တော်က ဘောက်ပြန်ပြောရင် သူ ဆတ်ဆတ်ခါ ဖြစ်သွားတတ်တာပဲ"

ဒေါ်လေးက ခေါင်းကို ဖြည်းညင်းစွာ ညိတ်လေသည်။

"မှန်တယ် မောင်ကျော်ဦး။ သူလည်း စိတ်မချမ်းသာရှာဘူး။ ဒါပေမဲ့ သူလိုက်လျှောမိလို့ တစ်နေ့ မောင်ကျော်ဦးဟာ သူ့ပထမလူလို အစားမျိုးထဲကဖြစ်နေရင် သူ့စိတ်ကို မဖြေနိုင်ဘဲ သတ်လိုက်မိမှဖြင့် သူအင်မတန်ချစ်တဲ့ လူတစ်ယောက်ဟာ သူ့လက်ချက်နဲ့ စောစောစီးစီး သေရမှာ စိုးလို့တဲ့"

ကျော်ဆွေဦးသည် ပင့်သက်ရှူလိုက်လေသည်။

"သူ အခု ထွက်သွားရတာကကော"

"ဒါကတော့ ဒီမှာ သူရှိမှန်းသိရင် မောင်ကျော်ဦး တစ်နေ့ ဒီကိုပြန်လာမှာစိုးလို့ သူဘယ်ဆီနေမှန်း မသိအောင်ကို အစဖျောက်သွားတာ။ နောက်ပြီး အနိုင်နဲ့ မောင်အောင်လင်းကလည်း ချက်ချင်းလက်ထပ်ဖြစ်မှာမှ မဟုတ်သေးဘဲ။ ဒီအတွင်း မောင်ကျော်ဦး ပြန်ရောက်လာရင် အနိုင်တစ်မျိုးပြန်ဖြစ်မှာစိုးလို့ မောင်ကျော်ဦး ဒီကိုမလာတဲ့နည်း လုပ်သွားတာပဲ"

"ဖြစ်ရလေ မမမူရယ်။ ဒါကြောင့် အချစ်ကို အမုန်းလုပ်လိုက်တာပေါ့၊ အယူသီးပါဘိတော့နော် ဒေါ်လေးရယ်။ သူအထင်သေးတဲ့ ရုပ်ချောဂီတသမား ကဗျာဆရာဟာ တော်လှန်ရေးတုန်းက သူနဲ့တစ်ဖက်တည်းနေပြီး ကြိုးပမ်းခဲ့တယ်ဆိုတာ သူမသိတာမှမဟုတ်ဘဲ။ နောက်ပြီး သူထင်တာတွေနဲ့ ပြောင်းပြန်ဖြစ်နေတဲ့ ကျွန်တော့်ကို သူသေသေချာချာ စူးစမ်းလေ့လာမကြည့်ဘဲ အပေါ်ယံ ရုပ်ရည်နဲ့ ဂီတကဗျာဘက် စိတ်ဝင်စားတာလောက်ပေါ်မှာ အရင်းတည်ပြီး တစ်ဖက်သတ် ဝေဖန်ဆုံးဖြတ်သွားတာ နည်းနည်းမှ မတရားပါဘူး"

"အေးကွယ်… မူမူက တစ်မျိုးပဲလို့ ဒေါ်လေး ဒါကြောင့် ပြောတာပေါ့…"

"ဘာပဲဖြစ်ဖြစ် ဒေါ်လေးရယ် ကျွန်တော်တော့ သူထင်သလို မဟုတ်ကြောင်း ပြဖြစ်အောင် ပြရမယ်။ သူအထင်သေးနေတဲ့ ကျွန်တော်ဟာ သူမျှော်လင့်တာထက်တောင်မှ ပိုပြီးမွန်မြတ်တဲ့ စိတ်ဓာတ်မျိုးကို မွေးပြီးသားရှိနေပါတယ်ဆိုတာ သူရှိတဲ့အရပ်ကို မတွေ့တွေ့အောင်လိုက်ပြီး ပြရမယ်ဒေါ်လေး။ သူ့တစ်ဖက်သတ် မတရားတဲ့စွပ်စွဲမှုအစွဲအလမ်းကို ဖျောက်ပစ်ရမယ်။ ဒီတော့မှ ကျွန်တော် နေလို့ ပျော်တော့မယ် ဒေါ်လေး။ သြော်... မမမူ၊ မမမူ တိတ္တိဖြစ်နေပါရောလား" စိတ်အားထက်သန်စွာ ပြောပြီး ကျော်ဆွေဦးက ခေါင်းတယမ်းယမ်းနှင့် ညည်းညူနေရာ ဒေါ်လေးမှာလည်း ခေါင်းတဆတ်ဆတ်နှင့် ကျော်ဆွေဦးကို ထောက်ခံ၍ နေလေ၏။

"ဒါနဲ့ ခု သူဘယ်ကို သွားသလဲ ဒါတော့ ဒေါ်လေးသိမှာပေါ့နော်"

"သိပါတယ်ကွယ်။ ဒါပေမဲ့ မပြောပါနဲ့လို့ မှာခဲ့တော့ ဒေါ်လေး မပြောချင်ဘူး။ သူ့အကြောင်းတွေ ပြောပြတာပဲ ဒေါ်လေးလွန်လှပါပြီ"

ကျော်ဆွေဦးသည် ဖြည်းလေးစွာ ခေါင်းညိတ်လေသည်။

"ဒါလည်းဟုတ်တာပဲ။ ကိစ္စမရှိပါဘူးလေ၊ သူလည်း သိပ်ဝေးဝေးသွားမှာ မဟုတ်ပါဘူး။ ရှာနိုင်ပါတယ်။ ကဲ ကျွန်တော့်ကို ခွင့်ပြုပါတော့။ ဒေါ်လေး ပြောပြတာ သိပ်ကျေးဇူးတင်ပါတယ်"

ကျော်ဆွေဦးသည် ကုလားထိုင်မှဆင်း၍ ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်ကာ ကန်တော့လေသည်။ ဒေါ်လေးသည် ကျော်ဆွေဦး၏ ကျောကိုကြည့်ရင်း မျက်ရည်ဝိုင်းလာကာ ဆုပေးလေသည်။

"သာခုကွယ် ... သာခု၊ သာခု ဘေးဥပဒ် အန္တရာယ်ကင်းရှင်းပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့။ လိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်ပါစေ။

* * *

"ဟော့ မောင်ကျော်ဦး ကားစက်နှိုးလို့ ရပြီလေ သွားစို့"

အဝတ်အစားလဲပြီးသား လက်မှဆီများကို အဝတ်စုတ်တစ်ခုနှင့်သုတ်ရင်း ကိုအောင်လင်းက လှမ်းခေါ်လိုက်သဖြင့် သားရေအိတ်ကြီးတစ်ဖက်၊ လွယ်အိတ်ပခုံးချိတ်နှင့် လက်တစ်ဖက်က ဦးထုပ်ကိုင်ထားသော ကျော်ဆွေဦးသည် ရပ်တန့်လှည့်ကြည့်လိုက်လေသည်။

"ကိုယ်စောစောစီးစီး သွားကြည့်မိပေလို့ပေါ့ဆရာ၊ နို့မို့မောင်ရင် ဒီနေ့ပြန်ဖြစ်မှာ မဟုတ်ဘူး၊ ဟား–ဟား"

တဟားဟားနှင့်ရယ်ပြီး နံရံမှဦးထုပ်ကို ကောက်ဆောင်းကာ ကျော်ဆွေဦး သားရေအိတ်ကို လက်လှမ်းနေသည်။

"နေပစေတော့ ကိုအောင်လင်း၊ ကျွန်တော် တစ်ခုခု စီးသွားတော့မယ်။ ပစ္စည်းများတာမှ မဟုတ်ဘဲ"

ပြောပြောဆိုဆို သားရေအိတ်ကိုကောက်ကာ ထွက်သွားမည်ပြုသဖြင့်–

"ဟော့ မောင်ကျော်ဦး မဟုတ်တာ မလုပ်စမ်းပါနဲ့ကွ။ အလာတုန်းကတော့ မောင်ရင့်မျက်နှာနဲ့ ဘူတာနဲ့ ဒီအထိ ပိုက်ဆံတစ်ပြားမှမကုန်ဘဲ အသိကားငှားစီးလာကြတယ်။ ခုပြန်တော့ အိမ်မှာ ကားရှိရက်နဲ့ တစ်ခုခု စီးသွားမယ်လို့ပဲ။ မနေနိုင်ဘူးဆရာ၊ ပို့ဖြစ်အောင်ကို ပို့ရမယ်"

ပြောရင်းဆိုရင်း ကိုအောင်လင်းက ကုတ်အင်္ကျီကို ကောက်စွပ်ပြန်လေသည်။ ကျော်ဆွေဦးသည် စိတ်ပျက်ဟန်ဖြင့် ဦးထုပ်ကိုင်သည့်လက်ဖြင့် ခေါင်းကုတ်လေသည်။

"မဟုတ်ဘူးဗျ၊ ခု ခရီးစဉ်ပြောင်းသွားပြီ။ ဘူတာကို မသွားတော့ဘူး"

"ဘာ... ဒါဖြင့် ဘယ်သွားမလဲ ပြော"

"မသိကို မသိသေးဘူး။ ဒါကြောင့် မပို့ပါနဲ့လို့ ပြောတာ"

"ကျွတ်..." ကိုအောင်လင်းသည် မကျေမနပ် ကျွတ်ခနဲ လုပ်လိုက်လေသည်။ "အဲဒါမောင်ရင် သက်သက်ညစ်တာ"

"မဟုတ်ပါဘူးဗျာ၊ ကဲ သွားမယ်နော်။ ဒေါ်လေးကော ပြောလိုက်ပါ။ သြော် ... အနိုင်.."

ကျော်ဆွေဦးသည် မျက်နှာမကောင်းဖြစ်သွားသည်။ အနိုင်မှာ ငိုထားသော မျက်နှာဖြင့် ခန်းဆီးကြားမှ ပေါ်လာသည်။

"ကိုကျော်ဦး သွားမယ်နော်"

အနိုင်သည် နဖူးပေါ်ကျနေသော ဆံပင်စများကို သိမ်းရင်း စိတ်မပါလက်မပါ ခေါင်းညိတ်လေသည်။

"အနိုင်တို့လည်း ဟသ်ာတကို လာခဲ့ကြဦးလေ။ ကိုကျော်ဦး တစ်လှည့်ပြုစုပါရစေ ဟုတ်လား။ အနိုင်တို့ ကျေးဇူးတော့ မမေ့တော့ပါဘူး။ ကဲ သွားပြီ။ ကိုအောင်လင်း သွားမယ်နော်"

ပြောပြောဆိုဆိုပင် အပြင်သို့ ရောက်သွားသည်။ ကိုအောင်လင်းကား ခေါင်းကိုသာညိတ်ကာ သူလိုက်မပို့ရသည့်အတွက် မကျေမနပ်ဖြစ်နေသည်။

"မောင်ကျော်ဦးက လူတစ်မျိုးပဲ" ဟုပြောရင်း အနိုင်ရှိရာသို့ လှည့်လိုက်သည်။

အနိုင်ကား သားရေအိတ်တစ်ဖက်၊ လွယ်အိတ်ပခုံးချိတ်ဖြင့် ဦးထုပ်ငိုက်ငိုက်ဆောင်းကာ နေပူထဲ တလှုပ်လှုပ်သွားနေသော မြေပိုင်ရှင် စက်သူဌေး ဉာဏဗလမှူးကို မလှုပ်မယှက် စိုက်ကြည့်နေသည်။ မျက်ရည်များ ဝေဝေလာသဖြင့် ကျော်ဆွေဦး၏ ပုံပန်းမှာ မှုန်၍မှုန်၍၊ ဝါး၍ဝါး၍ သွားလေသည်။ ဝင်းဝတိုင်ဖြူဖြူနှစ်တိုင်ရောက်၍ဘယ်ဘက်သို့ ကွေ့လိုက်မှ တိုင်နှင့်ကွယ်ကာ ပျောက်သွားလေသည်။ ဤသို့အပျောက်တွင် အနိုင်ဖြုန်းခနဲ သတိရလိုက်လေသည်။

"လမင်းကြီးဟာ လူတွေကို အရောင်လာပြပြီး လကွယ်ကျတော့ ပျောက်သွားတာပဲ"

အနိုင်သည် ရုတ်တရက်အတွင်းဘက်သို့ လှည့်လိုက်သည်တွင် သူ့အား စူးစိုက်စွာ ကြည့်နေသော ကိုအောင်လင်းကို အဆင်သင့်တွေ့ရလေသည်။ သူ့အား နေ့စဉ်နှင့်အမျှ ချစ်ရောင်ခြည်ဖြင့် နွေး၍ ချစ်သုခကို ပေးနေမည့် နေမင်းကြီး။

အနိုင် ဘာကြောင့်ဟူ၍မသိဘဲ စောစောက ဝေ့နေသော မျက်ရည်တို့မှာ လိမ့်ကာလိမ့်ကာ စီးကျလာတော့သည်။ ရင်တွင်း၌ ခံစားနေရသော တုန်ယင်လှုပ်ရှားသည့်ဝေဒနာမှာ ကွယ်သွားသော လမင်းကြီးကြောင့်လော။ သို့မဟုတ် သနားစရာ နေမင်းကြီးကြောင့်လောဟုကား မဝေခွဲတတ်။ သို့သော် စောစောက ဝေ့ရုံဝေ့လာသော မျက်ရည်မှာ ယခုမှပင် ဖြိုင်ဖြိုင်ယိုစီးကျလာတော့သည်။

"အနိုင်..."

ကိုအောင်လင်း၏ လေးနက်တည်ငြိမ်သော အသံသည် အနိုင့်အား ရင်ခွင်ထဲသို့ အပြေးဝင်လာစေလေသည်။

"ကိုကိုလင်း"

သူသည် ကိုအောင်လင်း၏ ကျောကို လက်နှစ်ဖက်နှင့် ဆက်မိအောင် ဖက်လိုက်ပြီး ရင်ဘတ်ကျယ်ကြီးတွင် မျက်နှာအပ်၍ အားရပါးရ ရှိုက်ကာရှိုက်ကာ ငိုလေသည်။

"အနိုင်...အနိုင်... မငိုနဲ့လေ။ ကိုကိုလင်းကို ချစ်ရင် တိတ်ကွယ်"

ကိုအောင်လင်းက အနိုင့်ခေါင်းကိုတွန်းကာ မျက်နှာဖော်စေရင်း ညင်သာသောအသံဖြင့် ပြောလိုက်သည်။ ဤစကား၊ ဤလေသံတို့သည် အနိုင့်အဖို့ နှစ်သိမ့်ဆေး၊ အငိုတိတ်ဆေးကလေးတစ်ခွက် မဟုတ်ပါလော။

အနိုင်သည် အငိုရပ်ကာ တစ်ချက်ရှိုက်ပြီး မော်ကြည့်ရင် အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"သူပြန်မလာတော့ဘူးနော်..."

❖

အတွဲ–၂၊ အမှတ်–၂၁၊ ၁၉၄၉၊ နိုဝင်ဘာ၊
ပဒေသာရုပ်စုံမဂ္ဂဇင်း